
စိတ်ကူးချိုချိအာနုမညာ

# မဝင်းမြင့်

## ထုန်းတောစ်ရှေထိုယ်



mgyoe.com

mgyoe.com

# မဝင်းမြင့်

## တုန်းမောင်ရွှေကိုယ်

မောင်တိုးက သေချာစွာကြည့်လိုက်၏။ အစုလေးတင်ကပင် လသာကွက်မှာ စောင်းကောက်ကို ပိုက်ပြီး မတုန်မလှုပ်ရပ်နေခဲ့သော ပုံသဏ္ဌာန်နှင့် အရပ်အမောင်း၊ အသားအရောင်၊ မျက်နှာ၊ အင်္ကျီ၊ လုံချည်မှာ တစ်သဝေမတိမ်း ချွတ်စွပ်တူသော သစ်သားရုပ်လုံးကြီးဖြစ်နေသည်ကို တွေ့ရ၏။ လက်နှစ်ဖက်မှာလည်း စောင်းကောက်ကိုပင် ပိုက်ထားလျက်ရှိသည်။ မသက်နွယ်က ခလုတ်တင်ပြီး ထိုးပြနေသော လက်နှိပ်ဓာတ်မီးအရောင်တွင် လူပကတိကဲ့သို့ စကားပြောတော့မည့်ယောင်ယောင်၊ ပြုံးရယ်တော့မည်ယောင်ယောင်၊ မျက်တောင်ခတ်တော့မည်ယောင်ယောင်၊ ပိုက်ထားသောစောင်းကိုပင် တီးတော့မည်ယောင်ယောင်၊

ISBN 9789997116253
9 789997 116253
1,700.00KS

mgyoe.com

ဘုန်းမောင်ရွှေကိုယ်၊ မဝင်းမြင့်
မျက်နှာဖုံးသန်းချို - တော်တီဆွေ
စာမျက်နှာ ၁၅၃+ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ တစ်ပုဒ်တည်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဘုန်းမောင်ရွှေကိုယ်
# မဝင်းမြင့်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

နက်ပြာရောင် စကိုဒါကားကလေးသည် ရန်ကုန်မြို့မှ ထွက်ခွာလာကာ ပဲခူးမြို့ဘက်သို့ တရိပ်ရိပ်ပြေးနေသည်။ ကားရှေ့ခန်းတွင်ကားဒရိုင်ဘာနှင့် ယှဉ်ထိုင်လာသော ပင်စင်အငြိမ်းစား ဆရာဝန်ကြီးဦးကျော်ဒင်ဖြစ်သည်။ ကားနောက်ခန်းတွင် ဆရာဝန်ကြီးကတော်ဒေါ်မြခိုင်နှင့် တစ်ဦးတည်းသောသမီး မသက်နွယ်တို့ဖြစ်သည်။ မသက်နွယ်မှာ အသက် ၂၀ ရှိပြီဖြစ်၏။ မသက်နွယ်၏ ရုပ်ရည်မှာ ကိုယ်လုံးကိုယ် ထည်တောင့်တောင့်၊ အသားဖြူဖြူ၊ ပြည့်ဖြိုးကြည်လင်သောမျက်နှာနှင့် ချစ်ခင်ဖွယ်ကောင်းသော ရုပ်ရည်မျိုးပင်ဖြစ်သည်။ မသက်နွယ်၏ စိတ်သဘောထားမှာ ဖြောင့်မတ်ပြီး မိန်းကလေးပင်ဖြစ်သော်လည်း သတ္တိရှိသည်။ သူ့စိတ်မှာ မှန်သည်ဟုထင်လျှင် နောက်မဆုတ်ဘဲရဲရဲဝံ့ဝံ့ပြုလုပ်တတ်သော သဘောရှိ၏။ သိကျွမ်းခင်မင်သူများကမူမသက်နွယ်သည် ဇွတ်တရွတ်စိတ်ထားရှိသည်ဟု သာမန်မျှသာ မှတ်ချက်ချတတ်၏။ သို့သော် မသက်နွယ်သည် သူဆောင်ရွက်လိုသည့်အလုပ်ကို မိဘစိတ်ဆင်းရဲမှုမဖြစ်စေဘဲ သူ့ဆန္ဒလည်းပြည့်ဝစေရန် မိဘများလည်း ကျေနပ်ကြည်ဖြူစေရန် လိမ္မာပါးနပ်စွာ ကျင့်သုံးဆောင်ရွက်တတ်လေသည်။

mgyoe.com

mgyoe.com


ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်မှာ ရှေးဆန်သော စိတ်ဓာတ်ရှိသည့်အပြင် ပစ္စည်းဥစ္စာကလည်း ပြည့်စုံကြွယ်ဝပြီးဖြစ်၍ တစ်ဦးတည်းသော သမီး မသက်နွယ်အား ဆယ်တန်းအောင်သောအခါ မိန်းကလေးတစ်ယောက်အဖို့ သင့်တော်လုံလောက်ပြီဟု သဘောပိုက်ပြီး မသက်နွယ်အား မိဘနှစ်ပါးနှင့် မခွဲမခွာနေစေလိုသည်။ သို့သော် မသက်နွယ်က တက္ကသိုလ်သို့ ဆက်သွားလိုသည်။ ထိုအခါဝယ် . . .။

"ဖေဖေတို့ငယ်ငယ်က ဘိုးဘိုးနဲ့ ဘွားဘွားက ရှေးလူကြီးတွေပီပီ သိပ်ဆုံးမခဲ့တယ်လို့ ဖေဖေပြောဖူးတယ် . . . ။ သမီး ကောင်းကောင်းမှတ်သားချင်ပါတယ်။ ဖေဖေသမီးကို ပြန်ပြောပြပါဦးနော်၊ ဘိုးဘိုးနဲ့ ဘွားဘွားစကားကို သမီးစာနဲ့ ရေးမှတ်ထားချင်လို့ပါ"

ဟု ဖခင်အား ပြုံးချိုသောမျက်နှာဖြင့် မေးခဲ့၏။ ဘိုးဘိုးနဲ့ ဘွားဘွားဆုံးမခဲ့သည့် စကားများကို တစ်ခါက ဦးကျော်ဒင်ပြောပြဖူးသည်ကို မသက်နွယ်ကောင်းစွာ မှတ်မိပါ၏။ သို့သော် . . . မေ့ချင်ဟန်ဆောင်ပြီး မသက်နွယ်ကမေးသည်ကို ဦးကျော်ဒင်ကလည်း သတိမထားဘဲ စိတ်ရှည်လက်ရှည် ပြန်လည်ပြောပြသည်။

"အေး . . . ဖေဖေပြောပြမယ်သမီးရဲ့၊ တို့များအဖေအမေက ဆုံးမခဲ့တဲ့စကားက မှတ်သားလောက်ပါပေတယ်။ ဖေဖေတို့ ကျောင်းသားဘဝမှာ ပညာသင်လို့ အသက်ဆယ့်ငါးနှစ်လောက် အရွယ်ရောက်တယ်ဆိုရင်ပဲ ငါ့သား ပညာကိုကြိုးစားသင်နော်တဲ့ . . . ဖေဖေတို့က ပစ္စည်းဥစ္စာ အမွေပေးခဲ့လို့ သားအဖို့တစ်သက်တာ အေးချမ်းသာယာမယ်လို့ မဆိုနိုင်ဘူးတဲ့ကွဲ့။ ဘာကြောင့်လဲဆိုတော့ ပစ္စည်းဥစ္စာ ရတနာဆိုတာ ကိုယ့်အပြင်အပကပစ္စည်းမို့ ရန်သူမျိုးငါးပါးက တစ်နည်းနည်းနဲ့ဖျက်ဆီးနိုင်တယ်။ ကိုယ်တွင်းရှိ ဦးနှောက်ထဲကို ထည့်ပေးထားတဲ့ ပစ္စည်းက ရန်သူမဖျက်ဆီးနိုင်ဘူး၊ မိမိတစ်သက်တာမှာ လုံလောက်အောင်

mgyoe.com

mgyoe.com


စားသောက်သုံးစွဲနိုင်တယ်။ ဒါကြောင့် အပြင်ပမှာရှိတဲ့ပစ္စည်းကို ပညာနဲ့ လဲပြီး သားရဲ့ဦးနှောက်ထဲကို ထည့်ပေးနေတာ၊ ထည့်နိုင်သလောက် ကြိုးစားထည့်စမ်း သားရေလို့ တဖွဖွပြောခဲ့တယ်သမီးရဲ့... ဖေဖေလည်း သဘောပေါက်ပြီး ပညာကြိုးစားသင်လာခဲ့တာ ဆရာဝန်ဖြစ်သွားတာ ပေါ့လေ..."

"အဖိုးတန်လိုက်တဲ့ ဆုံးမစကားတွေပဲ ဖေဖေရယ် . . . ဘိုးဘိုးနဲ့ ဘွားဘွားက ဖေ့ဖေ့ဦးနှောက်ထဲကို ရတနာအစစ်အမှန်တွေ ထည့်ပေး သလို ဖေဖေနဲ့ မေမေကလည်း သမီးဦးနှောက်ထဲထည့်ပေးပါလား... အခု သမီးဦးနှောက်ထဲ ဘာမှမရှိဘူးဖေဖေရဲ့၊ အခွံသက်သက်ချည်းဖြစ် နေတယ်၊ ကိုယ်အပြင်ပမှာရှိတဲ့ ပစ္စည်းတွေက မပျှော်လင့်ဘဲ ကုန်ခန်း သွားရင် သမီးဦးနှောက်ထဲက ထုတ်စားစရာဘာမှမရှိဘူးနော်...ဖေဖေ..."

မသက်နွယ်က ဝမ်းနည်းသံကလေးဖြင့်ပြန်ပြောလိုက်မှ ဦးကျော်ဒင် သဘောပေါက်ကာ အားရပါးရ ရယ်လိုက်လေသည်။

"ကဲ... ကဲ... သမီးသဘောပါဗျာ တက္ကသိုလ်ကိုဆက်သွားပေ တော့..."

ဦးကျော်ဒင်က ကြည်ဖြူစွာ ခွင့်ပြုလိုက်၏။

ဤသို့ဖြင့် မသက်နွယ် တက္ကသိုလ်သို့ ရောက်သောနှစ်မှာပင် ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်တို့မှာ ပစ္စည်းဥစ္စာ ကုံလုံပြည့်စုံသည့်အလျောက် မလွတ်လပ်သော လခစားအလုပ်ကို ငြီးငွေ့သည်ကတစ်ကြောင်း၊ ရှေးဆန်သော စိတ်ဓာတ်ကလည်းရှိနေ၍ ဆိတ်ငြိမ်အေးချမ်းရာမှာ ပုတီး စိပ်လိုသည်က တစ်ကြောင်းကြောင့် အလုပ်မှနုတ်ထွက်ကာ နေရာရွေး ကြသည်တွင် သွားလမ်းလာလမ်းလွယ်ကူသော ပဲခူးမြို့ကို ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်တို့ သဘောတူဆုံးဖြတ်လိုက်ကြသည်။ ပဲခူးအနောက်ဘက် ကျောက်တိုင်ကန်ရပ်အစွန်တွင် မော်တော်ကားလမ်း အနောက်ဘက်မှ

mgyoe.com

mgyoe.com


သရက်ပင် မရန်းပင်များ အဆင်သင့်ရှိပြီးသော ခြံကြီးတစ်ခြံကို ဝယ်ယူ ပြုပြင်ကာ ခိုင်ခံ့လုံခြုံသော အိမ်တစ်လုံးကို ဆောက်လုပ်နေထိုင်ကြလေသည်။ တက္ကသိုလ်တွင်ရှိနေသော သမီးမသက်နွယ်ထံလည်း ပဲခူးသို့ ပြောင်းရွှေ့နေထိုင်ပြီးပြီဖြစ်ကြောင်းကို ရန်ကုန်သို့သွားရင်း ဝင်ရောက်ပြောကြားခဲ့လေသည်။

စာမေးပွဲများပြီး၍ နွေရာသီကျောင်းပိတ်ရက်တွင် ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်တို့သည် ကိုယ်ပိုင်စကိုဒါ ကားကလေးဖြင့် သမီးအား သွားရောက်ခေါ်ငင်လာခဲ့ကြလေသည်။

မသက်နွယ်သည် သူတစ်ခါမျှ မရောက်ဘူးသေးသော ပဲခူးမြို့တွင် မိဘများ၏ သာယာသောခြံမြေဂေဟာကို စိတ်ဓောကြီးစွာ စိတ်မှန်းဖြင့် ထင်မြင်ရင်း ကားပေါ်မှာ တိတ်ဆိတ်စွာပင်လိုက်ပါလာခဲ့၏။

ပဲခူးနှင့် ရန်ကုန်မှာ မော်တော်ကားစက်ကောင်းလျှင် နှစ်နာရီမျှသာ မောင်းရသော ခရီးဖြစ်သည်အလျောက် ရန်ကုန်မှ နံနက် ၈ နာရီလောက်တွင် ထွက်ခွာလာသော မသက်နွယ်တို့ မိသားစုသည် ကျောက်တိုင်ကန်ရှိနေအိမ်သို့ ဆယ်နာရီသာသာမျှတွင် ရောက်လာခဲ့ကြလေသည်။

"မသာယာဘူးလားသမီး . . . "

အိမ်ဝင်းထဲသို့ မော်တော်ကားဝင်မိလျှင် ဒေါ်မြခိုင်က မေးလိုက်၏ ။

"သာယာတယ် မေမေ၊ အသက် သဘောကျလိုက်တာ..."

မသက်နွယ်က ကျယ်ဝန်းသောခြံကြီးကိုကားပေါ်မှ မျက်နှာလှည့်ကြည့်ရင်း နှစ်ခြိုက်စွာပြောလိုက်၏။ သမီးက သဘောကျပါသည်ဆိုသဖြင့်လည်း ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်တို့ စိတ်ချမ်းသာသွားကြလေသည်။ အိမ်ဆင်ဝင်အောက်သို့ မော်တော်ကားရောက်ပြီး ရပ်လိုက်လျှင်

mgyoe.com

mgyoe.com


ပင် ဒရိုင်ဘာမောင်တိုးက ကားပေါ်မှ ကပျာကသီဆင်းကာ ကားတံခါးကိုဖွင့်ပေးလိုက်သည်။

"ဆင်းသမီး . . . ပစ္စည်းတွေ မောင်တိုးနဲ့ ကိုညိုကြီးတို့ သယ်လာလိမ့်မယ်"

ဒေါ်မြခိုင်က သမီးအားပြောလိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။

"ဩော်... ဦးလေးညို ပါလာသလား"

မသက်နွယ်က ကားပေါ်မှ ဆင်းရင်းအံ့အားသင့် ဝမ်းမြောက်စွာ မေးလိုက်သည်။

"ဟာ... ပါရမှာပေါ့သမီးရဲ့၊ သူ့မလည်းအားကိုးစရာ ဆွေမရှိမျိုးမရှိ၊ ဆေးရုံလာတက်စဉ်က ဖေဖေက ကြင်ကြင်နာနာ ကုသပေးတော့ ကျေးဇူးတင်လို့ သစ္စာရှိရှိ ဖေဖေတို့နဲ့ လိုက်နေတာ ကြာလှမှပဲ...။ သူက တစ်သက်လုံး ဖေဖေတို့နဲ့ မခွဲဘူးလို့ ပြောတယ်ကွဲ့..."

ဦးကျော်ဒင်က ပြောပြောဆိုဆို အိမ်ထဲဝင်သွားလေသည်၊ ထိုအခိုက် ဦးညိုကြီးသည် အိမ်နောက်ဘက်မှ ကပျာကသီပြေးထွက်လာသည်။ အသက်ငါးဆယ်ခန့် ရှိနေပြီဖြစ်သော်လည်း ဦးညိုကြီးမှာ သန်မာဖျတ်လတ်လျက်ပင်ရှိ၏။ ခါးတောင်းမြှောင်အောင် ကျိုက်ထားသဖြင့်လည်း နာမည်နှင့်လိုက်အောင် ညိုသောအသားဖြင့် ပြည့်ဖြိုးနေသော ပေါင်တစ်ဖက်မှာ ကျားရုပ်၊ တစ်ဖက်မှာ နဂါးရုပ်၊ ထိုးကွင်းမှာ အထင်းသားပေါ်နေ၏။

"ဦးလေးညို နေကောင်းတယ်နော်၊ မေမေတို့နဲ့မခွဲဘဲ လိုက်လာတာ အသက်ဖြင့်ဝမ်းသာလိုက်တာ ဦးလေးညိုရယ်"

မသက်နွယ်က ခင်မင်သောအသံဖြင့် ဝမ်းမြောက်စွာ ဆီးကြိုနှုတ်ဆက်လိုက်၏။

mgyoe.com

mgyoe.com


"လိုက်ရတာပေါ့ မိန်းကလေးရဲ့၊ နောင်ကြီးနဲ့ အစ်မကြီးတို့ ကျေးဇူးက ဆပ်လို့မှမကုန်သာ . . . "

အထက် ကျေးတောသားကြီးဖြစ်သဖြင့် သူပြောလေ့ရှိသော လေသံဖြင့် ဦးညိုကြီးက တိုတိုပင်အဖြေပေးကာ ကားပေါ်မှပစ္စည်းများကို ဒရိုင်ဘာမောင်တိုးနှင့်အတူ သယ်ချနေသည်။

စကားအပိုအမိုမပြောတတ်ဘဲ လုပ်စရာရှိသည့် အလုပ်ကိုသာ စိတ်ဝင်စားတတ်သော ဦးညိုကြီးအား မသက်နွယ်က ခပ်ပြုံးပြုံးကြည့်နေစဉ်...

"လာသမီး အိမ်ထဲသွားစို့၊ သမီးနေရမယ့်အခန်းက အပေါ်ထပ်မှာ မေမေလိုက်ပြမယ်ကွဲ့ . . . "

ဟုခေါ်လိုက်သဖြင့် မသက်နွယ်က မိခင်နောက်မှ အိမ်ထဲဝင်လိုက်သွားလေသည်။

"အိမ်ကြီးက ကောင်းလည်းကောင်း၊ လုံလည်းလုံ၊ ဖေဖေနဲ့ မေမေ သိပ် စိတ်ကူးကောင်းတာပဲ၊ အခုအသက် နေရမယ့် အခန်းကလည်း အသက်စိတ်တိုင်းကျပဲ မေမေ၊ ဟိုဘက်က ဝရန်တာကလေးနဲ့ တွဲထားတော့ ဝရန်တာထွက် အေးအေးလူလူနေပြီး လေကောင်းလေသန့်ရှူ၊ ဟောဟိုကလှမ်းမြင်နေရတဲ့ ကွင်းပြင်နဲ့ တောတန်းနဲ့ တောင်စွယ်တောင်ကုန်းကလေးတွေနဲ့ ရှုမျှော်ခင်းကလည်း ကြည်နူးစရာ၊ အို . . . အသက်ကြည်နူးလိုက်တာမေမေရယ် . . ."

မသက်နွယ်က ကစားစရာ အသစ်ရသော ကလေးငယ်ကဲ့သို့ နှစ်ခြိုက်ဝမ်းမြောက်စွာ ပြောနေသည်။ ကြည်လင်ရွှင်လန်းနေသော သမီးကိုကြည့်ကာ ဒေါ်မြခိုင်က ပီတိဖြစ်နေ၏။

"မေမေ . . . "

"ဘာလဲ ... သမီး"

mgyoe.com

mgyoe.com


"ဟောဟိုမှာ . . . ခရမ်းရောင်တန်းကြီးဖြစ်အောင် ပွင့်နေတဲ့ ပျဉ်းမတောတန်းကလေးက ချစ်စရာမကောင်းဘူးလားမေမေ"

မသက်နွယ်က ဝရန်တာလက်ရန်းကို မှီရပ်ကာ သာယာသော ရှုမျှော်ခင်းကို ငေးမျှော်ကြည့်နေရာမှ ခရမ်းရင့်ရောင်အဆုပ်လိုက် အခိုင်လိုက် ပင်လုံးကျွတ်ပွင့်နေသော တော်တော်ဝေးဝေးမှာရှိသည့် ပျဉ်းမပင်တောတန်းကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်သည်။

"အေးကွဲ့သမီးရဲ့၊ မေမေတို့ ရောက်ခါစက မပွင့်သေးဘူး၊ စိမ့်စိမ့်ညို့ညို့သစ်ပင်ကြီးတွေသာ မထင်မရှားမြင်ရတော့ ဘာပင်တွေမှန်း မသိခဲ့ဘူး။ သမီးပြန်မလာခင် နှစ်ရက်လောက်ကမှပွင့်တာ။ အပွင့်အရောင်တွေမြင်မှ ပျဉ်းမပင်မှန်း မေမေတို့လည်းသိတာ။ သကြင်္န်နားနီးပြီကိုး သမီးရဲ့၊ သူတို့လည်း သဘာဝအလျောက် နှစ်သစ်ကို ကြိုကြတာပေါ့လေ..."

ဒေါ်မြခိုင်က သမီးညွှန်ပြရာ ပျဉ်းမပင် တောတန်းကိုမျှော်ကြည့်ပြီး ပြောလိုက်သည်။

"ညနေအေးရင် လေညင်းခံရင်း အဲဒီဘက်ကို လမ်းလျှောက်ရအောင်နော် မေမေ . . ."

"သမီးဖေဖေကို ပြောဦးလေ . . . မေမေတို့၊ သားအမိနှစ်ယောက်တည်းသွားလို့ မဖြစ်ဘူးသမီး၊ ခရီးကအလှမ်းသား၊ နောက်ပြီး လူသူလည်း အဆက်ဝေးတယ်လေ . . ."

"ပြောပါမယ် မေမေ . . . ဖေဖေကတော့ လိုက်ပို့မှာပါပဲ။ ဒါထက် မီးဖိုထဲမှာချက်ပြုတ်နေတဲ့ အဒေါ်ကြီးက ဘယ်ကလဲ၊ ဒီရောက်မှ မေမေတို့ ခေါ်ထားတာလား . . ."

"ဟုတ်တယ်သမီး . . . အနောက်တောထဲက ဝါးမရမ်းဆိုတဲ့ ရွာကပဲ၊ တစ်လ လေးဆယ်နဲ့ ငှားထားတာ၊ နာမည်က ဒေါ်ဖွားမယ်တဲ့၊ သူက အိမ်တွင်းဝေယျာဝစ္စလုပ် . . . မောင်တိုးက မော်တော်ကား

mgyoe.com

mgyoe.com


ဝေယျာဝစ္စနဲ့ အပြင်ပက ကိစ္စပေါ့လေ၊ ကိုညိုကြီးက အိမ်နဲ့ ခြံတွင်း သစ်ပင်တွေ မပျက်စီးရအောင် နေ့ညမရွေးစောင့်ရှောက်ရှာတယ်။ မေမေ တို့ဘဝကလေးက အသာယာသား။ ကဲ . . . သမီး ရေချိုးလိုက်ဦး... နောက်ပြီး ထမင်းစားကြစို့"

* * *

စိမ်းညို့မည်းမှောင်သော ပျဉ်းမပင်တောတန်းကြီးမှ ပင်လုံးကျွတ် ပွင့်နေသော ပျဉ်းမပွင့်များ၏ ခရမ်းရင့်ရောင်သည် ဝင်လုဆဲနေခြည် အောက်ဝယ် ရှုမငြီးစဖွယ်တင့်တယ်လှပ၍ စိတ်ကြည်နူးဖွယ်ကောင်း လှပေသည်။ ပျဉ်းမပင် တောတန်းကလေးနှင့် ဆက်နေသော တစ်ဖက် စွန်းတွင်ကား ရွှေဝါရောင်အပွင့်များခဲနေသော ပိတောက်ပင်အုပ်စုသည် တသီးတခြား ထင်ရှားပေါ်လွင်နေပေသည်။ ညနေခင်းဝယ် ညင်းညှင်း အေးဆေးစွာ တိုက်ခတ်နေသော နွေဦး၏ လေရူးအဝှေ့မှာ ပိတောက်ပန်း အနံ့သည် တစ်ချက်တစ်ချက်မွှေးကြိုင်စွာ ပါလာလေသည်။

"ဖေဖေရယ် ပြောစမ်းပါဦး၊ ဟောဟို ပျဉ်းမပင်တောတန်းနဲ့ ပိတောက်ပင်အုပ်စုက ဆက်နေတော့ ခရမ်းရင့်ရောင် ပျဉ်းမပွင့်နဲ့ ရွှေဝါ ရောင် ပိတောက်ပွင့်တွေ တစ်ဆက်တည်းဖြစ်နေပုံဟာ စိတ်ကူးယဉ် ပန်းချီဆရာဆွဲထားတဲ့ ပန်းချီကား တစ်ချပ်လိုပဲနော် . . . သမီးကြည့်လို့ မဝနိုင်ဘူးဖေဖေ . . . ၊ ဒီတောတန်းနဲ့ ဒီသစ်ပင်တွေကို သမီးအိမ်ရှိရာကို သယ်သွားလို့ရရင် ဘယ်လောက်ကောင်းလိုက်မလဲနော်... "

မသက်နွယ်က ကလေးငယ်သဖွယ်ပင် လုံးကျွတ်ပွင့်နေသော ပျဉ်းမပင်တောတန်းနှင့် ပိတောက်ပင်အုပ်စုကို မက်မောတောင့်တစွာ မျှော်ကြည့်ရင်း ပြောလိုက်သည်။ မသက်နွယ်၏ ဖခင်ကြီး ဦးကျော်ဒင် နှင့် မသက်နွယ်၏မိခင် ဒေါ်မြခိုင်တို့က သမီးပြောသည့် ပျဉ်းမပင်

mgyoe.com

mgyoe.com


တောတန်းကို လှမ်းမျှော်ကြည့်လိုက်ကြ၏။

"ဟုတ်တယ်ပေ့ါ မမြခိုင်၊ တို့အိမ်ကနေကြည့်ရင် လှမ်းမြင်နေရပေမဲ့ ဒါလောက်ကြည်နူးစရာမကောင်းဘူးကွဲ့ အခုညနေခင်း လမ်းလျှောက်လာရင်း နီးနီးနားနားကြည့်ရမှ ပိုလှပါကလား။ သမီးက သယ်ယူသွားချင်တယ်ဆိုတာ ဟုတ်တယ်။ ကိုယ်တော့ တော်တော်သဘောကျမိတယ်ပေ့ါ"

ဦးကျော်ဒင်က သမီးစကားကို ထောက်ခံကာ ဇနီးသည်အား ပြောလိုက်သည်။

"ဟုတ်ပါရဲ့ . . . ကိုကျော်ဒင် . . . "

ဒေါ်မြခိုင်ကပါ လိုက်လျောထောက်ခံပြီး မြို့အစွန်ရှိသူတို့အိမ်ကြီးကို လှည့်ကြည့်လိုက်သည်။

"ဘာလှည့်ကြည့်တာလဲ မေမေ . . . "

မသက်နွယ်ကမေးကာ လမ်းလျှောက်သောနေရာမှ ကောင်းစွာလှမ်းမြင်နေရသော သူတို့အိမ်ဘက်ကို ဒေါ်မြခိုင်နည်းတူ လှည့်ကြည့်လိုက်၏။

"သြော်. . . သမီးရော . . . ဖအေကြီးရော မေမေရော သဘောကျနေတဲ့ ဒီပျဉ်းမပင်တောတန်း ပိတောက်ပင်အုပ်စုနဲ့ မေမေတို့အိမ်နဲ့ ဘယ်လောက်ဝေးပါသလဲလို့ . . . မှန်းကြည့်တာ သမီးရဲ့ . . . "

ဒေါ်မြခိုင်က ဖြေလိုက်၏။

"သုံးဖာလုံကျော်ကျော်လောက် ရှိလိမ့်မယ်ထင်တယ် မမြခိုင်ရေ့၊ မင်းကပါ ဒီတောတန်းနဲ့ ပိတောက်ပင်ကို လိုချင်ပြန်ပြီထင်တယ်..."

ဦးကျော်ဒင်က ခရီးအကွာအဝေးကို ခန့်မှန်းခြေပေးပြီး မေးလိုက်သည်။

"နှစ်သက်စရာတော့ အတော်ကောင်းသား . . . ကိုကျော်ဒင်ရဲ့..."

mgyoe.com

mgyoe.com


"အဲဒီရောက်အောင် လျှောက်ရအောင်ပါနော်မေမေ . . .၊ သိပ်မှ မဝေးတော့ဘဲ၊ ဖေဖေလိုက်ပို့မယ် မဟုတ်လား . . . "

မသက်နွယ်က မိခင်နှင့်ဖခင်အား တစ်လှည့်စီကြည့်ပြီး ပူဆာလိုက်သည်။

"အချိန်မရှိတော့ဘူး သမီးရဲ့ အခုနေဝင်စပြုနေပြီ၊ ခေတ်ကာလက ကောင်းတာမဟုတ်ဘူး၊ လူဆိုးသူဆိုးနဲ့ တွေ့နေရင် ခက်နေပါ့မယ်ကွယ်၊ ပြန်ကြပါစို့..."

ဦးကျော်ဒင်က လမ်းလျှောက်နေသော ခြေလှမ်းကို ရပ်လိုက်သဖြင့် ဒေါ်မြခိုင်နှင့် မသက်နွယ်ကပါ ရပ်လိုက်ရသည်။ မသက်နွယ်သည် မချင့်မရဲ ဖြစ်ဟန်မျက်နှာဖြင့် ပတ်ဝန်းကျင်ကိုကြည့်လိုက်၏။ သူနှစ်သက်သော ပျဉ်းမပင်၊ ပိတောက်ပင်များရှိရာနှင့် သူတို့၏အိမ်အကြားတွင် တောစံပယ်ပင် လက်ထုပ်ပန်းပင်နှင့် အမျိုးအမည်မသိသော အဖူးအပွင့်များဝေနေသည့် တောပန်းပင်များ ဟိုတစ်စုဒီတစ်စု ပေါက်နေသော ငါးပေခြောက်ပေမျှရှိသည့် အမြင့်တောင်ကမူ မို့မို့ကလေးများသာ ရှိသည့် ကွင်းပြင်ကြီးဖြစ်သည်။ အနောက်ဘက်တွင်ကား ပြာမှိုင်းသော ပဲခူးရိုးမတောင်စွယ်တွင် နီရဲသော နေလုံးကြီးသည် တစ်ဝက်မျှ မြုပ်နေပေပြီ။

"လမ်းလျှောက်ထွက်လာတာက နည်းနည်းနောက်ကျသွားလို့သာနော်၊ စောစော လာမိရင်အကောင်းသား။ နက်ဖြန်ညနေ ဖေဖေနဲ့ မေမေလိုက်ပို့ပေးရဦးမယ်နော် . . ."

မသက်နွယ်က ခေါင်းကို လက်ညှိုးကလေးဖြင့် ထိုးကုတ်ရင်း မချင့်မရဲပြောလိုက်၏။

"အေးပါသမီးရယ်၊ နက်ဖြန် ဖေဖေအားရင် စောစောထွက်လာတာပေါ့ . . . "

mgyoe.com

mgyoe.com


ဦးကျော်ဒင်က သမီးအား နှစ်သိမ့်လိုက်၏။

"ဟုတ်တယ်သမီး... အခုပြန်ချိန်တန်ပြီ နေဝင်တယ်ဆို ချက်ချင်း မှောင်လာမှာ ကဲ... ပြန်စို့၊ သုတ်သုတ်ကလေး လှမ်းမှ..."

ဒေါ်မြခိုင်က ပြောရင်းဆိုရင်း အိမ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

မသက်နွယ်သည် သူအလွန်သွားလိုလှသော ပျဉ်းမပင်တောတန်းနှင့် ပိတောက်ပင်အုပ်စုကို လှည့်ကြည့်လှည့်ကြည့်နှင့် မိခင်နှင့် ဖခင်နောက်မှ လိုက်လာခဲ့ရသည်။ အိမ်ဝင်းဝသို့ရောက်လျှင် အိမ်တွင်းဝေယျာဝစ္စ ဆောင်ရွက်ရန် ငှားထားသော အသက်လေးဆယ်ကျော် အရွယ်ရှိ ဒေါ်ဖွားမယ်နှင့် တွေ့လေသည်။

"ကျွန်မစိတ်ပူလို့ မျှော်ကြည့်နေတာ ဆရာကတော်၊ ဟိုပျဉ်းမပင်တောတန်းအထိသာ ဆက်သွားကြရင်လိုက်ခေါ်မယ်လို့ရှင့် . . ."

ဒေါ်ဖွားမယ်က ခရီးရောက်မဆိုက် ဆီးပြောလိုက်၏။

"ဘာဖြစ်လို့လဲ ဒေါ်ဖွားမယ် . . . "

ဒေါ်မြခိုင်က ပေါ့ပေါ့ဆဆပင်မေးလိုက်သည်။

"အိုကွယ် . . . မိုးချုပ်နေတော့ တောတန်းထဲက လူဆိုးသူဆိုးတွေ့မှာစိုးလို့ပေါ့ . . . "

ဦးကျော်ဒင်က သာမန်မျှပြောကာ အိမ်ဘက်သို့ လှမ်းထွက်သွားလေသည်။

"ဘာဖြစ်လို့လဲဟင် . . . ဒေါ်ကြီး . . ."

မသက်နွယ်က သူစိတ်အားထက်သန်စွာ သွားလိုသောနေရာဖြစ်၍ စိတ်ဝင်စားစွာ မေးလိုက်သည်။ ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်က ပေါ့ဆဆ သဘောထားပြောသည်ကို ရိပ်မိသော ဒေါ်ဖွားမယ်က . . .

"နေဝင်ခါနီး မှောင်လည်းမှောင် လူကလည်းပြတ်လို့ပါ . . . "

mgyoe.com

mgyoe.com


ဟုသာ အဖြေပေးလိုက်သော်လည်း ပြောဆိုသောစကားနှင့် အဖြေမှာ တခြားစီဖြစ်အောင် လမ်းလွှဲလိုက်သည့်လက္ခဏာကို မသက်နွယ်က ကောင်းစွာအကဲခတ်လိုက်မိသည်။

"ထမင်းပွဲပြင်တော့ ဒေါ်ဖွားမယ်၊ လမ်းလျှောက်လို့ ထင်တယ်...၊ ထမင်းဆာလာပြီ . . ."

ဒေါ်မြခိုင်က ပျဉ်းမပင်တောတန်းကို လုံးလုံး စိတ်ဝင်စားဟန်မတူပေ၊ ဒေါ်ဖွားမယ်အား ထမင်းပွဲပြင်ခိုင်းလိုက်၏။

"ဟုတ်ကဲ့ . . . ဆရာကတော် . . ."

ဒေါ်ဖွားမယ်က ရိုသေစွာပြောပြီး မီးဖိုဆောင်ရှိရာဘက်သို့ အိမ်ဘေးမှပတ်ပြီး ခပ်သုတ်သုတ်လျှောက်သွားသည်။

* * *

တိုင်ကပ်နာရီကြီးမှ ကိုးနာရီခွဲလေပြီ၊ ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်တို့မှာ စိပ်ပုတီး တစ်ယောက်တစ်ကုံးစီဖြင့် ဘုရားခန်းထဲမှာ ဆိတ်ငြိမ်စွာ အာရုံယူပြီး ပုတီးစိပ်နေကြပြီဖြစ်၏။ ဦးညိုကြီးကား ခြံထောင့်ရှိ သူစံမြန်းရာအိမ်ငယ်ကို မီးမထွန်းဘဲမှောင်ချကာ အိမ်ရှေ့မှာ တိတ်ဆိတ်စွာ ထိုင်နေသည်။ ငှက်ကြီးတောင်ဓားတစ်လက်နှင့် မာကျောသော ဝါးရင်းတုတ်ကြီးတစ်ချောင်းက အနားမှာအဆင်သင့်ရှိ၏။ သစ္စာရှိသော တပည့်ကောင်းပီသစွာ ခြံဝင်းပတ်လည်ကို စောင့်ကြည့်နေသည်။ ဒရိုင်ဘာမောင်တိုးကား ကားရုံနှင့် တွဲထားသော သူ့အခန်းထဲမှာ အိပ်နေပြီဖြစ်၏။

မသက်နွယ်သည် အိပ်ခန်းပြင်ဘက်ဝရန်တာတွင် ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ ခြေပစ်လက်ပစ် အေးအေးလူလူ လဲလျောင်းနေရင်း ကြည်လင်စွာ သာနေသော လရောင်အောက်မှ ပျဉ်းမပင်တောတန်းနှင့် ပိတောက်ပင်အုပ်စုကို ငေးကြည့်နေ၏။ လေးဖာလုံမျှ

mgyoe.com

mgyoe.com


ဝေးကွာသည်ဖြစ်၍ လရောင်က ကြည်လင်သော်ငြားလည်း အပွင့်အရွက် အရောင်ဟူ၍ ပြတ်ပြတ်သားသား မမြင်ရချေ၊ မှုန်ရီမှုန်မွှား ရေးဆွဲထား သော ပန်းချီကားတစ်ချပ်လိုသာ တွေ့ရသည်။

သဘာဝအလျောက် အလေ့ကျပေါက်နေသော ပျဉ်းမပင်များကို မသက်နွယ်တွေ့ဖူးသည်။ ဟိုတစ်ပင် ဒီတစ်ပင် သုံးလေးပင် တစ်စု စသည်ဖြင့် အစီအစဉ်မရှိ အဆင်သင့်သလို ကြီးထွားရှင်သန်နေကြသည် ချည်းသာဖြစ်၏။ ယခုတွေ့ရသော ပျဉ်းမပင်ကား အထူးတလည် စိုက် ပျိုးထားသကဲ့သို့ ညီညီညာညာတန်းစီနေသည်ကို မသက်နွယ်၏ စိတ် တွင် ထူးဆန်းသည်ဟုထင်မိ၏။ တစ်ဖန်လည်း တန်းစီနေသော ပျဉ်းမ ပင်များအဆုံးတွင် တစုတည်းတည်နေသော ပိတောက်ပင်အုပ်စုကလည်း တစ်နေရာတည်း စုတတ်ပလေသည်ဟု မသက်နွယ်တွေးမိပြန်၏။ ထိုသို့ တွေးနေရာမှ ညနေက ထူးဆန်းသော ဒေါ်ဖွားမယ်၏ မျက်နှာထားကို ဖျပ်ခနဲ သတိရမိသည်တွင် မသက်နွယ်သည် ထိုင်ရာမှ လျင်မြန်စွာ ထလိုက်ပြီးဖြစ်၏။

"ဒီအချိန် အဘွားကြီးများအိပ်နေပြီလား၊ မအိပ်သေးရင် ငါသွား မေးကြည့်စမ်းမယ်" ဟု မသက်နွယ်သည် တစ်ကိုယ်တည်း တီးတိုးပြော ကာ အောက်ထပ်သို့ ဆင်းသည့်လှေကားထိပ်မှ တံခါးကို ညင်သာစွာ ဖွင့်ကာ ဖြည်းညင်းစွာ ဆင်းလာခဲ့လေသည်။

အောက်ထပ်တွင် ဒေါ်ဖွားမယ်အိပ်သောအခန်းမှ မီးရောင်သည် စေ့ထားသောတံခါးကြားမှ ထိုးထွက်နေသည်ကို တွေ့ရ၏။ မသက်နွယ် သည် တံခါးကြားမှ ချောင်းကြည့်လိုက်၏။ ဒေါ်ဖွားမယ်ကား မအိပ် သေးချေ။ အင်္ကျီစုတ်ချုပ်နေသည်ကို တွေ့ရသဖြင့် အသံပြုလိုက်၏။

"ဒေါ်ကြီး . . ."

မသက်နွယ်သည် တီးတိုးညင်သာခေါ်လိုက်သည်။ ဒေါ်ဖွားမယ်

mgyoe.com

mgyoe.com


က အင်္ကျီစုတ်ချုပ်ရာမှ မော့ကြည့်လိုက်သည်။

"ဩော် . . . မိန်းကလေး"

အချိန်မဟုတ် တိတ်ဆိတ်စွာဝင်လာသော မသက်နွယ်အား ဒေါ်ဖွားမယ်က အံ့အားသင့်နေရာမှ ချုပ်လက်စအင်္ကျီဟောင်းကို ချထားလိုက်ပြီး မတ်တတ်ရပ်လိုက်၏။

"ဘာလုပ်ပေးရမလဲမိန်းကလေး"

ခိုင်းစရာတစ်ခုခုရှိ၍လာသည်ထင်ပြီး ဒေါ်ဖွားမယ်က မေးလိုက်၏။

"ထိုင်ပါဒေါ်ကြီး . . . ထိုင်ပါ။ ခိုင်းစရာမရှိပါဘူး။ ဒေါ်ကြီးနဲ့ ကျွန်မ အေးအေးဆေးဆေးစကားပြောချင်လို့ လာတာပါ"

မသက်နွယ်က အခန်းထဲသို့ဝင်လာကာ ဒေါ်ဖွားမယ်အား ထိုင်စေလိုက်ပြီး သူကိုယ်တိုင်လည်း ဒေါ်ဖွားမယ်အနားမှာ ထိုင်လိုက်သည်။ ယနေ့မှ မြင်ဖူးရသော အိမ်ကြီးရှင် သခင်မလေးက ယခုလို အခန်းထဲ ဝင်လာပြီး သူနှင့် ကြမ်းတစ်ပြေးတည်း ရင်းရင်းနှီးနှီးထိုင်နေသည်ကို မြင်ရသောအခါ ဒေါ်ဖွားမယ်က အထူးအဆန်းဖြစ်နေသည်။ ယခင်က သူအလုပ်လုပ်ခဲ့ဖူးသော အိမ်ကြီးရှင်များမှာ သူ့မြေးအရွယ်ပင် ဖြစ်စေကာမူ မြင့်သောနေရာ မြတ်သောနေရာမှာသာ ထိုင်လေ့ရှိခဲ့ကြသဖြင့် မသက်နွယ်အား ဒေါ်ဖွားမယ်က ချစ်ခင်မြတ်နိုးသောစိတ် ပေါ်လာလေသည်။

"ဘာပြောချင်လို့လဲ မိန်းကလေးရယ်"

"ညနေက ဒေါ်ဖွားမယ် ပြောမယ့်ဟန်ပြင်ပြီးမှ မပြောတော့တဲ့ အကြောင်း သိချင်လို့ပါ"

"ဘာအကြောင်းများပါလိမ့် . . . "

ဒေါ်ဖွားမယ်က စဉ်းစားရင်းပြောလိုက်သည်။

mgyoe.com

mgyoe.com


"ဟို... ပျဉ်းမပင်တောတန်းလေ... ဒေါ်ဖွားမယ်ရဲ့" မသက်နွယ်က အစဖော်ပေးလိုက်၏။

"ဩော်... ပျဉ်းမပင် တောတန်းလား၊ အို... မသိချင်ပါနဲ့ မိန်းကလေးရယ်၊ ဒေါ်ကြီးကတော့ ကြားဖူးနားဝရှိထားလို့ ပြောချင်ပေမဲ့ မိန်းကလေးမိဘများက ဒေါ်ကြီး စကားများတယ်လို့ ယူဆပြီး စိတ်ကွက်သွားရင် မကောင်းပါဘူး . . . "

သူ့စကားကို ဆုံးအောင်နားမထောင်ဘဲ ပေါ့ပေါ့တန်တန်သဘောထားကာ မေးမြန်းခြင်းမပြုသော ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်က စိတ်ကွက်မည်ကို စိုးရိမ်သော ဒေါ်ဖွားမယ်က မသက်နွယ်အား တောင်းပန်လိုက်၏။

"ဖေဖေနဲ့ မေမေမကြားပါဘူး . . . ။ ဘုရားခန်းထဲမှာ ပုတီးစိပ်နေကြပါတယ်။ ဒီပျဉ်းမပင်တောတန်းနဲ့ ပိတောက်ပင်အုပ်စု တည်နေပုံက နည်းနည်းထူးဆန်းတယ်ထင်လို့ အသက်စိတ်ဝင်စားမိတယ် အဒေါ်ကြီးရဲ့။ သိသလောက် ပြောပြပါဒေါ်ကြီး ဖေဖေနဲ့ မေမေကိုအသက်ပြန်မပြောပါဘူး . . .

"မိန်းကလေးနာမည်က အသက်တဲ့လား . . ."

ဒေါ်ဖွားမယ်က မသက်နွယ်အမေးကိုမဖြေသေးဘဲ ပြန်လည်မေးခွန်း ထုတ်လိုက်၏။

"မသက်နွယ်တဲ့ ဒေါ်ကြီးရဲ့၊ ဒါပေမဲ့ ဖေဖေနဲ့ မေမေက ငယ်စဉ်ကတည်းက အသက်လို့ပဲခေါ်ခဲ့တယ်"

"ဩော်... မသက်နွယ်... အသက်... နာမည်လေးကလည်း ချစ်စရာလူကလည်း မြတ်နိုးစရာ၊ စိတ်သဘောထား ကောင်းပါပေတယ်။ ညဥ့်နက်ပြီမိန်းကလေးရယ်၊ အိပ်ချေပါတော့လား "

ဒေါ်ဖွားမယ်က မဆိုင်သောစကားကိုဆွဲပြောကာ မသက်နွယ်

mgyoe.com

mgyoe.com


အား ပြန်အိပ်ရန်တိုက်တွန်းလိုက်၏။

"အို... အသက်မအိပ်ချင်ပါဘူး... ။ ဒေါ်ကြီးနဲ့ စကားပြောချင်လို့ ဆင်းလာတာကို . . . ပျဉ်းမပင်တောတန်းအကြောင်း ပြောပြပါ ဒေါ်ကြီးရဲ့ . . . "

မသက်နွယ်က နွဲ့ဆိုးဆိုးသော ကလေးငယ်လို ဒေါ်ဖွားမယ်အား ပူဆာလိုက်သည်။

"ခက်လိုက်တာ မိန်းကလေးရယ် တကယ့်ကို ဇွတ်တရွတ်ကလေးပါပဲလား။ ကဲ . . . ကဲ . . .နားထောင် ဒေါ်ကြီးပြောပြမယ် . . . "

"ပြောပါဒေါ်ကြီး . . ."

မသက်နွယ်က ဒေါ်ဖွားမယ် ပြောအံ့သောအကြောင်းကို စိတ်အားထက်သန်စွာ အာရုံစိုက်လိုက်၏။

"ဒီလိုကွဲ့... ဒေါ်ကြီးတို့က ဒီပဲခူးအနောက်တောထဲက ဝါးမရမ်းရွာဇာတိဆိုတော့ ငယ်စဉ်ကတည်းက ပဲခူးဆိုရင် လူးလာတုံ့ခေါက်ရောက်နေလို့ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာကို တော်တော်လေးနှံ့နှံ့စပ်စပ်သိခဲ့တယ်။ နောက်ပြီးတော့လည်း ဒေါ်ကြီးဆယ့်နှစ်နှစ်သမီးလောက်ကစပြီး မြို့ပေါ်က ကြေးရတတ် မင်းစိုးရာဇာအိမ်တွေမှာ ကလေးထိန်း ထမင်းချက်အလုပ်ကို တစ်အိမ်ပြီးတစ်အိမ် ပြောင်းလုပ်လာခဲ့ရတော့ နာမည်ကြီး လူကုံထံတွေအကြောင်း သိသလောက်သိခဲ့ရတယ် မိန်းကလေးရဲ့..."

ဒေါ်ဖွားမယ်က လျှာရှည်ရှည်ဖြင့် စကားပလ္လင်ခံကာ နိဒါန်းပျိုးလိုက်ပြီး အနားတွင်ချထားသော ကြွေရည်ကွာနေသည့် သံပန်းကန်အိုးထဲမှ ဆေးပေါ့လိပ်တိုကိုကောက်ယူကာ မီးညှိပြီးဖွာလိုက်သည်။

"ဒေါ်ကြီးက အိမ်ထောင်မပြုခဲ့ဖူးလား၊ ဆွေမျိုးသားချင်းမရှိလို့ တစ်အိမ်ပြီးတစ်အိမ် လျှောက်နေတာလား . . ."

mgyoe.com

mgyoe.com


ဆေးပေါ့လိပ်တိုကို ထောင်းထောင်းထအောင် ဖွာနေသော ဒေါ်ဖွားမယ်အား မသက်နွယ်ကမေးလိုက်၏။ ဒေါ်ဖွားမယ်က ဆေးလိပ်တိုကိုချကာ အဖြေပေးလိုက်၏။

"မိဘတွေ ဒေါ်ကြီးငယ်စဉ်ကပဲ ဆုံးသွားတယ် မိန်းကလေးရဲ့။ ရှိတဲ့ ဆွေမျိုးကလည်း အားမကိုးလောက်လို့ပေါ့။ အဲ . . . အိမ်ထောင်မပြုခဲ့တာကတော့ ဒေါ်ကြီးကို ချမ်းချမ်းသာသာ ဆင်ပြင်ကျွေးမွေးထားနိုင်မယ့် လူချမ်းသာကိုမရလို့ အပျိုကြီးဘဝနဲ့ နေခဲ့တာမိန်းကလေးရဲ့..."

ဒေါ်ဖွားမယ်၏ စကားကြောင့် မသက်နွယ်က ပြုံးလိုက်သည်ကို ဒေါ်ဖွားမယ် မြင်လိုက်၏။

မပြုံးနဲ့ မိန်းကလေးရဲ့... ဒေါ်ကြီးက မှန်တာကိုပြောတာ ဟုတ်တယ်လေ... လင်ယူတယ်ဆိုတာ မပူလိုလို့ ယောက်မရှာကြတာ မဟုတ်လား။ သူလိုကိုယ်လို ဆင်းရဲတဲ့လူအချင်းချင်း ပြန်ယူရင် ကလေးများပြီး ဒုက္ခဆင်းရဲများရုံပဲ ရှိမှာပေါ့"

ဒေါ်ဖွားမယ်၏စကားမှာ မှတ်လောက်သားလောက်ရှိပါပေသည်ဟု မသက်နွယ်က နှလုံးပိုက်ပြီး . . .

"ကဲ... ပျဉ်းမပင် တောတန်းနဲ့... ပိတောက်ပင် အုပ်စုအကြောင်း စကားဆက်ပါဦး ဒေါ်ကြီးရဲ့"

ဟု အစ ဖော်လိုက်ရသည်။

"ပြောမယ်လေ မိန်းကလေး၊ ဒီပျဉ်းမပင်တောတန်း ပိတောက်ပင်အုပ်စုဆိုတာ ဒေါ်ကြီးတို့ငယ်ငယ်က မရှိခဲ့ဘူးကွဲ့။ အဲဒီနေရာမှာ ကွင်းပြင်ပဲတွေ့ရတယ်။ ဒီသစ်ပင်တွေဖြစ်လာတာက အနှစ်နှစ်ဆယ်ကျော်လောက်ပဲရှိသေးတယ်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ လေးငါးနှစ်က စိုက်ထားတဲ့ အပင်တွေ..."

"အို သဘာဝအလျောက်ပေါက်နေတာ မဟုတ်ဘူးပေါ့"

mgyoe.com

mgyoe.com


မသက်နွယ်က ဒေါ်ဖွားမယ်စကားကိုဖြတ်ပြီး အံ့အားသင့်ဟန်ဖြင့် မေးလိုက်၏။

"တမင်စိုက်ထားတဲ့ အပင်တွေမို့ အခုလို ညီညီညာညာတစ်ကန့်စီ ဖြစ်နေတာပေါ့ မိန်းကလေးရဲ့"

"အသက်လည်း အစကတည်းက ဒီလိုပဲထင်ခဲ့ပါတယ်လေ..."

"အဲဒီပိတောက်ပင်အုပ်စုထဲမှာ အိမ်ပျက်ကြီးတစ်လုံးရှိတယ် မိန်းကလေးရဲ့"

ဒေါ်ဖွားမယ်၏စကားကြောင့် မသက်နွယ်က အံ့အားသင့်ရပြန်သည်။

"အိမ်ပျက်ကြီး ဟုတ်လား ဒေါ်ကြီး... အခုလူရှိသလား"

မသက်နွယ်က စိတ်ဝင်စားစွာ မေးလိုက်၏။

"အခုလူမရှိဘူး မိန်းကလေးရဲ့၊ နေရာကလည်းခေါင်၊ သရဲက လည်းခြောက်တော့ ဒီပျဉ်းမပင်တောတန်း၊ ဒီပိတောက်ပင်အုပ်စုနဲ့ ဒီအိမ်ပျက်နေရာကို ဘယ်သူသွားဝံ့မှာလဲ"

ဒေါ်ဖွားမယ်ကဖြေကာ ဆေးပေါ့လိပ်တိုကို ကောက်ဖွာလိုက်ပြန်၏။

"နေပါဦး ဒေါ်ကြီးရဲ့... ဒီအိမ်ရှင်က ဘယ်သူလဲ။ ဘာဖြစ်လို့ ဒီလိုချောင်ကျတဲ့ လူဝေးသူဝေးနေရာမှာ အိမ်ဆောက်နေရတာလဲ။ အခု အိမ်ရှင်တွေက ဘယ်ရောက်ကုန်ကြလို့လဲ ဒီသရဲက ဘယ်ကရောက်လာပြီး ခြောက်နေတာလဲ။ သရဲက အထီးလား၊ အမလား ဘယ်လိုခြောက်နည်းမျိုးနဲ့ ခြောက်တာလဲ"

မသက်နွယ်က သူသိလိုသော မေးခွန်းများကို အသက်ပင် မရှူအားပဲ ဆက်တိုက်မေးချလိုက်ရာ ဒေါ်ဖွားမယ်မှာ မသက်နွယ်၏ မေးခွန်းတွေကို အငေးသား နားထောင်နေရာမှ လက်ထဲမှဆေးပေါ့လိပ်တိုပင်

mgyoe.com

mgyoe.com


လွတ် ကျသွားရှာ၏။

"ဖြည်းဖြည်း. . .မိန်းကလေး ဖြည်းဖြည်း၊ ဒေါ်ကြီးတစ်ခုစီ စဉ်းစားပြောမှာပေါ့။ အခုတော့ မိန်းကလေးမေးတာတွေက ဒေါ်ကြီးနား ထဲမှာ ထွေးကုန်ပြီ"

ဒေါ်ဖွားမယ် ဆေးပေါ့လိပ်တိုကို ပြန်ကောက်ရင်း ပြောလိုက်သည်။ မသက်နွယ်ကလည်း ရယ်လိုက်မိ၏။

"ကဲကဲ... အသက် တစ်ခုစီမေးပါမယ်။ ဒေါ်ကြီး သိသမျှပြော နော် ..."

"မေး . . . မိန်းကလေး"

"ဒီအိမ်ရှင်တွေက ဘယ်သူလဲဒေါ်ကြီး . . . "

"ဘယ်သူဘယ်ဝါရယ်လို့တော့ နာမည်မသိခဲ့ဘူး။ ဗမာရှင်ဘုရင် အမျိုးအနွယ်ထဲကပဲ။ သိပ်ချမ်းသာတယ်လို့ ပြောသံကြားဖူးတယ်ကွဲ့"

မေးခွန်းတစ်ခုကား မရေမရာနှင့် ပြီးသွား၏။

"ဘာဖြစ်လို့ ဒီလိုနေရာမှာ ဒီလိုအိမ်ဆောက်ပြီး ဒီသစ်ပင်တွေ စိုက်ရတာလဲ ..."

မသက်နွယ်၏ ဒုတိယမေးခွန်းကို ဒေါ်ဖွားမယ်က အောက်ပါ အတိုင်း ပြတ်သားစွာ ဖြေလိုက်၏။

"အဲဒါတော့ ဒေါ်ကြီးမသိဘူး မိန်းကလေး"

မသက်နွယ် စိတ်ပျက်သွားရှာသည်။ တတိယမေးခွန်းကို ဆက် မေးလိုက်ပြန်၏။

"အခုအိမ်ရှင်တွေက ဘယ်ရောက်ကုန်ကြပြီလဲ"

"စစ်ဖြစ်တုန်းက တခြားကို ထွက်ပြေးသလိုလို။ ဒီအိမ်ကြီးထဲမှာပဲ ဂျပန်ကဆိုလား... အင်္ဂလိပ်ကဆိုလား သတ်သွားသလိုလို ကြားလိုက်မိ တယ် မိန်းကလေးရဲ့"

mgyoe.com

mgyoe.com


ဒေါ်ဖွားမယ်၏ မပြတ်သား မရှင်းလင်းသောအဖြေကို မသက်နွယ် စိတ်တိုင်းမကျသော်ငြားလည်း မေးလက်စနှင့် စကားကုန်အောင်ပင် မေးတော့မည်ဟုတွေးကာ . . .

"သရဲခြောက်တယ်ဆိုတာ ဘယ်လိုခြောက်တာလဲ... သရဲက အထီးလား... အမလား" ဟု မျှော်လင့်ချက်သိပ်မထားသော လေသံဖြင့် မေးလိုက်၏။ ဤမေးခွန်းကိုကား ဒေါ်ဖွားမယ်က စိတ်ရှည်လက်ရှည် ဖြေလိုက်၏။

"သရဲက အထီး မိန်းကလေးရဲ့"

ဒေါ်ဖွားမယ်၏စကားမဆုံးမီ မသက်နွယ်က ကြားဖြတ်ပြီး..

"အထီးမှန်း အမမှန်း ဘယ်လိုလုပ်သိသလဲ..." ဟု မေးလိုက်၏။

"အို... အသံကြားရင်သိတာပေါ့မိန်းကလေးရဲ့၊ ယောကျ်ားတစ်ယောက်ရဲ့အသံတဲ့၊ ဘာမှန်းမသိဘူး... ဆိုင်းတစ်ခုကိုတီးတီးပြီး သီချင်းဆိုနေတတ်တာကို ထင်းခွေ... ဟင်းရွက်ခူးတဲ့လူတွေ တစ်ခါတစ်ရံ ကြားရဖူးတယ်တဲ့။ အသံကလည်း သိပ်သာယာပြီး လွမ်းစရာလည်းအင်မတန်ကောင်းဆိုပဲ။ တမင်တကာကြားချင်လို့ အရဲစွန့်သွားတဲ့လူတွေဆိုရင်လည်း ဘာသံမှမကြားရပြန်ဘူးတဲ့။ ဟို . . . လွန်ခဲ့တဲ့ သုံးလေးနှစ်ကတော့ လူမရှိဘဲ သရဲခြောက်နေတဲ့ အိမ်ကြီးထဲမှာ မီးခိုး–မီးရောင် မကြာခဏမြင်နေကြတယ်ဆိုလို့ လူဆိုးသူဆိုးတွေ အောင်းနေတယ်ထင်ပြီး ရဲတွေ သွားစစ်ဆေးကြည့်ရှုကြတယ်လို့ ကြားလိုက်တယ်"

"ဘာတွေ တွေ့ခဲ့ရလဲ"

မသက်နွယ်က မေးလိုက်၏။

"မသိပါဘူး မိန်းကလေးရယ်၊ ဘာမှမတွေ့လို့ ဘာသံမှမကြားရတာပေါ့..."

ဒေါ်ဖွားမယ်၏မရေမရာ အဖြေများကို မသက်နွယ်လုံးဝ မကျေ

mgyoe.com

mgyoe.com


နပ်ချေ။

"ဒါနဲ့ ဒေါ်ကြီးက ပဲခူးမြို့မှာ ဘယ်နေရာ ဘာဖြစ်တယ်ဆိုတာ အကုန်သိတယ်ဆို။ အခုမေးတော့လည်း ဘာမှအကြောင်းအချက်လုံလောက်အောင် မပြောနိုင်ဘူး။ ဒေါ်ကြီးသိတာက ဘာတွေသိတာလဲ"

မသက်နွယ်က အနည်းငယ်စိတ်တိုသော အသံဖြင့်မေးလိုက်၏။

"အို... ဒေါ်ကြီးက ဒီလိုသရဲခြောက်ပြီး ကြောက်စရာကောင်းတဲ့ နေရာမျိုးကို မသွားတော့ ဒီအိမ်ပျက်ကြီးအကြောင်း ဘယ်သိပါ့မလဲ မိန်းကလေးရဲ့။ ဒေါ်ကြီးသိတာက လူကုံထံအိမ်က တချို့အတွင်းရေးတွေ သာသိတာ မိန်းကလေး ဒေါ်ကြီးကို စိတ်ဆိုးနေပြီထင်တယ် . . . "

ဒေါ်ဖွားမယ်က မသက်နွယ်၏လေသံကို အကဲခတ်မိသဖြင့် စိတ်ဆိုးမည်ကို စိုးရွံ့ဟန်နှင့် မေးလိုက်သည်။

"ဒေါ်ကြီးကို စိတ်မဆိုးပါဘူး။ အသက်သိချင်တာ ကျေနပ်အောင်မသိရလို့ စိတ်နည်းနည်းတိုသွားမိတာပါ။ ဒီအိမ်ကြီးကိုသွားကြည့်ချင်တယ်။ ဒေါ်ကြီးအဖော်လိုက်မလား"

မသက်နွယ်၏စကားကြောင့် ဒေါ်ဖွားမယ်ထိတ်လန့်သွားလေသည်။

"အမယ်လေး... မလိုက်ပါရစေနဲ့ မိန်းကလေးရယ်။ တော်တော်ကြာ သရဲက လိပ်ပြာနတ်ထားမှဖြင့် မိန်းကလေးလည်း မသွားပါနဲ့ကွယ်။ သရဲက အထီးဆိုတော့ တော်တော်ကြာ မိန်းကလေးကို သဘောကျနေမှဖြင့်..."

ဒေါ်ဖွားမယ်၏ စကားမဆုံးမီ . . .

"ဘာလဲ ဒေါ်ဖွားမယ်...ဘယ်သွားကြမှာလဲ။ ဘယ်သူက သမီးကို သဘောကျနေတာလဲ...."

ဟူသော အသံကြောင့် ဒေါ်ဖွားမယ်ရော မသက်နွယ်ပါ လှည့်

mgyoe.com

mgyoe.com


ကြည့်လိုက်ကြသည်။ အခန်း၀တွင် ရပ်နေသော ဒေါ်မြခိုင်အား တွေ့ရ၏။ ဒေါ်မြခိုင်ကား ပုတီးစိပ်ပြီး သမီးအိပ်ပျော် မပျော်သိလို၍ သမီးအခန်းသို့လာရာ မတွေ့သောကြောင့် လှေကားထိပ်တံခါးကလည်း ပွင့်နေသဖြင့် အောက်ထပ်သို့ဆင်းလိုက်လာရာမှ ဒေါ်ဖွားမယ်နှင့် မသက်နွယ်တို့၏စကားကို တစ်ပိုင်းတစ်စကြားရသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဩော်... ဟိုနေ့က ဆရာကတော်တို့ တွေ့ခဲ့တဲ့ ပျဉ်းမပင်တောတန်းထဲက အိမ်ပျက်ကြီးကို မိန်းကလေးက သွားချင်တယ်ဆိုလို့ မသွားနဲ့လို့ အဲဒီအိမ်ပျက်ကြီးမှာ ခြောက်နေတဲ့သရဲအထီးက မိန်းကလေးကို သဘောကျပြီး လိပ်ပြာနုတ်မှာစိုးတယ်လို့ ပြောနေတာပါဆရာကတော်.."

ဒေါ်ဖွားမယ်က သူ့ကို ဆူပူကြိမ်းမောင်းမည်စိုး၍ မျက်နှာငယ်လေးဖြင့် ရှင်းပြလိုက်သည်။

"ဒေါ်ကြီးစကားတွေက မရေမရာတွေပါမေမေရယ်၊ သရဲခြောက်တယ်ဆိုတာလည်း ဟုတ်မယ်မထင်ပါဘူး။ သမီးက အတိအကျသိရအောင် သွားကြည့်ချင်လို့ပါ"

မသက်နွယ်က အကြောင်းပြလိုက်၏။ ဒေါ်မြခိုင်ကမူ အေးဆေးတည်ငြိမ်သောမျက်နှာဖြင့် ဒေါ်ဖွားမယ်နှင့် သမီးအား အတန်ငယ်ကြည့်နေပြီးမှ . . .။

"သမီးကလည်း မဆိုင်တဲ့ကိစ္စကို တယ်အပေါက်အစပ်ရှာချင်သကိုးကွယ်။ ဘာပဲဖြစ်ဖြစ်လေ . . .ဒီလို မသိုးမသန့် သတင်းထွက်နေတဲ့နေရာမျိုးကိုတော့ သမီးကိုသွားခွင့်မပြုနိုင်ဘူး...။ ကဲ ... လာ... လာ... သမီး အိပ်တော့၊ ညဉ့်နက်ပြီ"

ဒေါ်မြခိုင်က ထိုအကြောင်းကို စိတ်မဝင်စားဟန်ဖြင့် မသက်နွယ်အား ခေါ်ယူလိုက်၏။ မသက်နွယ်သည် မီးခင်နောက်မှ အိမ်ပေါ်ထပ်သို့

mgyoe.com

mgyoe.com


လိုက်လာခဲ့၏။ လှေကားထိပ်သို့ ရောက်သောအခါ...။

"နက်ဖန်ခါ အဲဒီတောတန်းကို မေမေတို့လိုက်ပို့ပေးနော်" ဟု စကား ဆက်လိုက်၏။

"အို ... ခက်လိုက်တာသမီးရယ်...၊ မကောင်းသတင်းထွက်နေတဲ့နေရာကို ဘာကြောင့်သွားချင်ရတာလဲကွယ်... မေမေတို့ အဲဒီနေရာတော့ လိုက်မပို့ချင်ဘူး...။ သမီးလည်း မသွားရဘူး။ သွား... သွားအိပ်ချည်တော့ . . . "

ဒေါ်မြခိုင်က စကားပိတ်ပြောလိုက်ပြီး လှေကားထိပ်မှ တံခါးကို သော့ခပ်ပိတ်နေသည်။ မသက်နွယ်သည် မိခင်အား တစ်စုံတစ်ရာမှ ပြန်မပြောတော့ဘဲ အိမ်ခန်းရှိရာသို့လာခဲ့၏။ စိတ်တွင်းမှာကား မကျေနပ်ချေ။

* * *

ခြံဝင်းအတွင်းမှာ မြောင်းဖော်ပြီး စိုက်ထားသော ထောပတ်ခရမ်းပင်များကို ပြုပြင်မြေတောင်မြှောက်နေသော ဦးညိုကြီးရှိရာသို့ မသက်နွယ်လျှောက်လာသည်။ ဦးညိုကြီးသည် မသက်နွယ်လာသည်ကို မြင်သော်လည်း စကားအပိုအမိုမပြောတတ်ဘဲ လုပ်စရာရှိသည့် အလုပ်ကိုသာ လုပ်တတ်သူတစ်ယောက်ဖြစ်၍ သူ့ခရမ်းပင်များကိုပင် ဂရုစိုက်ပြုပြင်နေလေသည်။

"ဦးလေးညို...."

မသက်နွယ်က ခေါ်လိုက်မှ ဦးညိုကြီးက မော့ကြည့်လိုက်၏။

"ဟောဟို... ပျဉ်းမပင်တောတန်းကို ဦးလေးညို ရောက်ဖူးလား"

"ရောက်ဖူးသားပဲ...."

ဦးညိုကြီးက... မြေစိုင်ခဲများကို လက်နှင့်ချေနေရာမှ ဖြေလိုက်၏။

mgyoe.com

mgyoe.com


"ဦးလေးညို ဘာသွားလုပ်တာလဲ....."

"ဒီကိုပြောင်းလာတော့ ပတ်ဝန်းကျင်အခြေအနေ ဘာရှိတယ်။ ဘယ်လိုဖြစ်တယ်ဆိုတာ သိချင်တာနဲ့ လျှောက်ကြည့်တာ မိန်းကလေးရဲ့...."

"ဘာတွေ့ခဲ့သလဲ ဦးလေးညို"

"ထူးထူးဆန်းဆန်းမရှိပါဘူး မိန်းကလေးရာ၊ ပျက်စီးနေတဲ့ အိမ်ကြီးတစ်လုံးရှိတယ်။ လူမနေဘူးမိန်းကလေးရဲ့... အိမ်ခြံဝင်းထောင့်မှာ သစ်သားအိမ်ငယ်ကလေးတစ်လုံးရှိတယ်။ တဲသာသာပေါ့။ အဲဒီမှာတော့ ဆံပင်ဆွတ်ဆွတ်ဖြူနေတဲ့ အဘိုးအိုတစ်ယောက် အင်္ဂရုတ်ထိုးနေတာ တွေ့ခဲ့တာပဲ။ ဘာဖြစ်လို့ မေးတာလဲမိန်းကလေး...."

ဦးညိုကြီးက လက်နှစ်ဖက်ဖြင့်ညွှတ်နေအောင် သီးနေသော ခရမ်းပင်အကိုင်းများကို ဝါးချောင်းကလေးဖြင့် ထောက်ပေးနေရာမှ ပြောလိုက်၏။ ထိုအခိုက် ခရမ်းသီးနုပ်ချက်ချက်မည်ဟူသော အစီအစဉ်ဖြင့် ခရမ်းသီးခူးရန် ဒေါ်ဖွားမယ်ရောက်လာ၏။

"ဒီမှာဒေါ်ကြီး၊ ဟို... ပျဉ်းမပင်တောတန်းထဲက အိမ်ပျက်ကြီးသရဲ ခြောက်တယ်ဆိုတာ မဟုတ်ဘူးတဲ့ ဒေါ်ကြီးရဲ့"

ခရမ်းသီးခူးမည်ဟန်ပြင်လိုက်သော ဒေါ်ဖွားမယ်က ခရမ်းသီးမခူး နိုင်သေးဘဲ မသက်နွယ်အား လှည့်ကြည့်လိုက်ပြီး....

"ဘယ်သူကပြောတုံး မိန်းကလေးရဲ့" ဟု မေးလိုက်၏။

"ဦးလေးညိုက ပြောတယ် ဒေါ်ကြီး...."

ဒေါ်ဖွားမယ်က ဦးလေးညိုအား မျက်စောင်းထိုးကြည့်၏။ ခြံထဲရှိသည့် အရွက်အသီးများကို ဦးညိုကြီးသည် သူမသိရဘဲ၊ သူ့ကို မပြောဘဲနှင့် တစွတ်စွတ်ခူးသည်ကို လုံးလုံးမကြိုက်သည့်အလျောက် သင်းလည်း ဒီအိမ်မှာနေတဲ့လူ။ ငါလည်း ဒီအိမ်မှာနေတဲ့လူ ဘာကြောင့်

mgyoe.com

mgyoe.com


ဂုဏ်ငယ်ခံပြီး ခွင့်တောင်းနေရမှာလဲဟူသော မာနဖြင့် ရူးလေ့ရှိသော ဒေါ်ဖွားမယ်နှင့် ရောက်ကတည်းက အစေးမကပ်ချေ။ တစ်ယောက်နှင့် တစ်ယောက် ချက်ကောင်းတွေ့လျှင် ကော်ကြကတ်ကြစမြဲပင်ဖြစ်သည်။ ဤအကြောင်းကို ကောင်းကောင်းသိသော ဒရိုင်ဘာမောင်တိုးက တစ်ခါတစ်ရံ ပျင်းသည့်အခါ သူတို့နှစ်ယောက်ကို ရန်တိုက်ပေးလေ့ရှိ၏။ မသက်နွယ်ကား ယခုမှ ကျောင်းပိတ်၍ ပြန်လာသူဖြစ်သဖြင့် မသိချေ။ ယခုလည်း ဒေါ်ဖွားမယ်က ခပ်တင်းတင်းသဘောထားပြီး မပြောမဆို ခရမ်းသီးခူးမည်ကို ကြိုတင်သိသော ဦးညိုကြီးက မကျေမနပ် သော်ငြားလည်း မသက်နွယ်ရှိနေ၍ ဘာမျှမပြောဘဲ မျက်နှာမှုန်ရှုံသာ မှုန်ထားသည်။ ထိုမျက်နှာထားကိုလည်း ဒေါ်ဖွားမယ်သတိထားမိ၏။

ဦးညိုကြီးနှင့် ဒေါ်ဖွားမယ် မျက်နှာချင်းဆိုင်တွေ့နေသည်ကို ကားရုံထဲမှ ဒရိုင်ဘာမောင်တိုးက လှမ်းမြင်လိုက်သဖြင့် ပွဲကြည့်ပရိသတ် တစ်ယောက်အဖြစ်ဖြင့် ကားရုံထဲမှထွက်လာကာ သူတို့အနားတွင် မယောင်မလည်ရောက်လာပြီး ဦးညိုကြီးကို ကူညီသလိုလို ခရမ်းပင် တစ်ပင်ကို ခွတစ်ခုဖြင့် ထောက်ပေးနေ၏။

"ဒီလူကြီးက ပဲခူးရောက်တာမှ နှစ်ရက်နဲ့ တစ်ပိုင်းရှိသေးတယ်။ သူက ဘယ်လောက်သိလို့ ပြောရတာတဲ့လဲ...."

နဂိုကမှ မျက်နှာချင်းဆိုင်မရရာတွင် ယခုကဲ့သို့ သူ့စကားကို ဖျက်ရပါမည်လားဟု ဒေါ်ဖွားမယ်က ဒေါ်ပွလိုက်၏။ ဒေါ်ဖွားမယ်အား မကျေမနပ်ဖြစ်နေသော ဦးညိုကြီးက ထိုင်ရာမှဆတ်ခနဲ ထလိုက်သည်။

"ခင်ဗျားကရော ပဲခူးမှာ ချိုးကပ်အောင်နေလာပြီး ဒီတောတန်းနဲ့ ဒီအိမ်ပျက်ကို ဘယ်တုန်းကရောက်ဘူးလို့ သရဲခြောက်သလေး... သနိ ခြောက်သလေးနဲ့ ပြောရတာလဲ"

ဦးညိုကြီးက မေးလိုက်၏။

mgyoe.com

mgyoe.com


"ဒီမှာ အထက်သားကြီးရဲ့... ဒီအိမ်ပျက်ကြီး သရဲခြောက်တယ် ဆိုတာ လူတိုင်းသိ။ တစ်မြို့လုံးသိတော်... တော်သာ ပင်းနေကန်းနေလို့ မမြင်မကြားတာ....သရဲမှ အထီးတော်ရဲ့ အထီး"

ဒေါ်ဖွားမယ်က ဒေါနှင့် မောနှင့် ပြောလိုက်၏။

"အေးပါ.....အောက်သူမကြီးရဲ့၊ ကျုပ်ကပင်းလို့ကန်းလို့ မမြင် မကြားဘူးဘဲထားပါတော့။ ဒီသရဲအထီးဆိုတာ ခင်ဗျားဘယ်လိုများ ကိုယ်တွေ့စမ်းသပ်လာခဲ့သလဲ....."

မောင်တိုးက တခိခိရယ်လိုက်၏။ မသက်နွယ်ကား ဒေါနှင့် မော နှင့် ဖြစ်နေကြသော ဦးညိုကြီးနှင့် ဒေါ်ဖွားမယ်ကို မျက်လုံးဝိုင်းကလေး ဖြင့် တစ်လှည့်စီကြည့်နေသည်။ သူတို့နှစ်ဦးအကြား ဘာဝင်ပြောရမည် ကိုလည်း မသက်နွယ်မသိချေ။ မောင်တိုးက ထိုင်ရာမှထပြီး ညောင်နာနာ အသံဖြင့်ကြားဝင်လိုက်၏။

"ဒီမှာ ကျွန်တော်ပြောပါဦးမယ်၊ ဦးလေးညိုက ဒီအိမ်ပျက်ကြီးကို ကိုယ်တိုင်သွားရောက်လေ့လာပြီးမှ သရဲမရှိကြောင်း အတိအကျပြော တာကို ပင်းနေကန်းနေလို့ မမြင်မကြားတာလို့ ဒေါ်ကြီးက ပြောလိုက်တဲ့ စကားက ဦးလေးညိုကို စော်ကားသလိုဖြစ်နေတယ် မဟုတ်ဘူးလား ဦးလေးညို"

မောင်တိုး၏စကားကို ဦးညိုကြီးက သဘောကျသွားသည်။

"ဟုတ်တယ်ကွဲ့မောင်တိုး၊ သင်းက ငါ့ကို စော်ကားတာ"

ဦးညိုကြီးက ဒေါပွစွာပြောလိုက်၏။ ဒေါ်ဖွားမယ်ကလည်း အညံ့မခံဘဲ ပြန်ပြောမည်အပြုတွင် မောင်တိုးက ကပျာကသီလက်ကာ ပြီး...။

"နေပါဦးဒေါ်ကြီးရဲ့... ကျွန်တော်ပြောပါရစေဦး။ ဦးလေးညိုက သရဲအထီးမှန်းသိရအောင် ဘယ်လို ကိုယ်တွေ့စမ်းသပ်လာသလဲဆိုတဲ့

mgyoe.com

mgyoe.com


စကားကလည်း အပျိုကြီးအစစ်ဖြစ်တဲ့ ဒေါ်ကြီးဂုဏ်သိက္ခာကို အင်မတန် ထိခိုက်နေပါတယ်....."

"ဟုတ်တယ်ဟေ့ မောင်တိုး၊ သင်းကငါ့ကို သရဲနဲ့ သမုတ်တာပဲ ကွဲ့. ဟင်း... စော်ကားလိုက်လေ....."

ဒေါ်ဖွားမယ်က အံကြိတ်ပြီးပြောလိုက်သည်။

"အဲဒီတော့... ကိုယ့်သိက္ခာ ကိုယ်ပြန်ဆယ်ရမှာမို့ ဒီပြဿနာကို ပြေလည်အောင်ရှင်းကြပေတော့၊ အမလေးနှယ့် ကျွန်တော်က သက်သေပေါ့ဗျာ....."

မောင်တိုးက မီးစတစ်ဖက် ရေမှုတ်တစ်ဖက် တို့ပေးလိုက်ပြီး ခရမ်းပင်နားတွင် ခပ်ကုပ်ကုပ်ပြန်ထိုင်နေလိုက်၏။ မောင်တိုးကား အမှတ်မထင် နမော်နမဲ့ ထိုင်ခြင်းမဟုတ်ချေ။ နေရာကိုရွေးထိုင်ခြင်း ဖြစ်၏။ သူထိုင်နေသောနေရာကား ခရမ်းပင်စိုက်ထားသော မြောင်း၏ တစ်ဖက်စွန်းဖြစ်၍ သူ့နောက်တွင် ထူထပ်စွာအုံ့စိုင်းနေသော စောင်းလျားပင်ပျို တစ်ပင်ရှိသည်။ အကိုင်းများမှာဝေပြီး မြေပြင်အထက်နှစ်တောင်ကွာမျှအထိ ညွတ်ကျနေသဖြင့် မောင်တိုးထိုင်နေရာကို အိမ်ထဲမှကြည့်လျှင် အပေါ်ထပ်ကဖြစ်စေ၊ အောက်ထပ်ကဖြစ်စေ၊ မီးဖိုဆောင်မှ ဖြစ်စေ မမြင်ရချေ။ ထိုနေရာမှ သူ့ကားရုံရှိရာသို့ အလွယ်တကူ အကာအကွယ်ယူပြီး လျင်မြန်စွာ ကူးသွားနိုင်၏။

ဒေါ်ဖွားမယ်က ဦးညိုကြီးအား အစိမ်းဝါးစားချင်သည့် မျက်လုံးဖြင့် စူးစူးဝါးဝါးကြည့်ပြီး ရန်စကို ဆက်လိုက်၏။

"ဒီမှာ တော်ရဲ့၊ ကျုပ်သရဲအထီးမှန်းသိရအောင် ဟောဒီလို စမ်းသပ်..."

ဒေါ်ဖွားမယ် စကားမဆုံးမီ ဦးညိုကြီးက ကပျာကသီ နောက်သို့ ခြေနှစ်လှမ်းမျှဆုတ်ကာ ပုဆိုးကိုမြဲမြဲ ပြင်ဝတ်လိုက်၏။

mgyoe.com

mgyoe.com


"ဘာလဲ ကြောက်သလား၊ ကျုပ်ကပါးရိုက်ပြီး စမ်းမှာပါ၊ ဟင်း ... အပျိုကြီးအစစ်ဖြစ်နေလို့ ဘယ်ယောကျ်ားနဲ့မှ အသားချင်းမထိချင်လို့သာ တောက်...."

ဒေါ်ဖွားမယ်၏စကားကြောင့် ဦးညိုကြီးက စိတ်အေးသွားဟန်ဖြင့် သက်ပြင်းချပြီး ပြန်ပြောလိုက်၏။

"အေးပါလေ... ကျုပ်ကလည်းမပင်းဘူး မကန်းဘူးဆိုတာ ခင်ဗျားဟာ ခင်ဗျားဘာကိုပဲလုပ်လုပ်၊ ဘာကိုပဲကိုင်ကိုင် အကုန်သိတယ်မှတ်ပါ...."

ဦးညိုကြီးက အသံမှန်ဖြင့် ပြန်ပြောလိုက်၏။

"ဘာ ခင်ဗျားဟာ ခင်ဗျားလဲ... စကားကို အစွန်းလွတ်အောင်ပြော..."

"ခင်ဗျားဟာ မဟုတ်လို့ ဘယ်သူ့ဟာလဲ...."

ရန်ပွဲကား စဲဟန်မပေါ်ချေ။

"ကဲ....တော်ကြပါတော့၊ အသက်စိတ်ညစ်လာပြီ"

မသက်နွယ်က ခေါင်းကို လက်ချောင်းငါးချောင်းဖြင့် ထိုးကုတ်ပြီး ညည်းညည်းညူညူပြောလိုက်၏။ ဦးညိုနှင့် ဒေါ်ဖွားမယ်ကား တစ်ယောက်နှင့်တစ်ယောက် စောင်ပြီးကြည့်နေကြဆဲပင်။

ထိုအခိုက် စောင်းလျားပင်အောက်မှ မောင်တိုးသည် မျက်နှာကိုမော့ကာ နှာခေါင်းရှုံ့ချည်ပွချည်ဖြင့် လေထဲမှာနှစ်ချက်သုံးချက်ခန့် အနံ့ခံကြည့်လိုက်ပြီး သူ့ကားရုံရှိရာသို့ တိတ်တဆိတ် ဝပ်လျှိုးထွက်ခွာသွားသည်နှင့် မရှေးမနှောင်းပင် ဒေါ်မြခိုင်သည် ဒေါသဖြစ်သောမျက်နှာဖြင့် ခရမ်းပင်နား ရောက်လာလေသည်။

"ဘာဖြစ်နေကြတာလဲဟင်...၊ အိမ်ပေါ်ကခေါ်နေတာတောင်မကြားဘူး၊ ဟိုမှာ မီးဖိုထဲ ဟင်းတစ်အိုးလုံးတူးလို့ ကုန်ပြီ...."

mgyoe.com

mgyoe.com


ဒေါ်မြခိုင်က စိတ်ဆိုးစွာပြောလိုက်၏။ ဦးညိုကြီးက ခရမ်းပင်နားသို့ ရုတ်ခနဲထိုင်ချကာ လုပ်လက်စအလုပ်ကို ဆက်လုပ်နေ၏။ ဒေါ်ဖွားမယ်က မီးဖိုဆောင်သွားရန် ဟန်ပြင်လိုက်၏။ မသက်နွယ်ကမူ ခပ်ပြုံးပြုံးမျက်နှာဖြင့် မိခင်အား ကြည့်နေ၏။ မည်သူ့ထံကမှ အဖြေမရသောအခါ ဒေါ်မြခိုင်ပိုပြီး စိတ်ဆိုးလာသည်။

"ကျုပ်မေးတာပြောစမ်းပါဦး ဒေါ်ဖွားမယ်၊ မီးဖိုမှာလုပ်စရာရှိတာကိုမလုပ်ဘဲ ပစ်ထားခဲ့ပြီး ဒီမှာ ဘာလာလုပ်နေတာလဲလို့...."

ခြေလှမ်းပြင်လိုက်သော ဒေါ်ဖွားမယ်က တုံ့ခနဲရပ်ကာ မသက်နွယ်မျက်နှာကို စစ်ကူတောင်းသလိုတစ်ချက်မျှလှမ်းကြည့်လိုက်ပြီးမှ....

"ကျွန်မ... ခရမ်းသီးခူးမလို့ ဆင်းလာတာပါ ဆရာကတော်၊ ဒီရောက်တော့... ဟောဟိုဟာကြီးနဲ့ ရန်ဖြစ်နေရလို့ပါ"

ဟု ကြောက်ရွံ့သောအသံဖြင့် ဖြေလိုက်၏။

"ဘာ... ဘယ်ကဟာကြီးလဲ"

ဒေါ်မြခိုင်က နားမလည်သလို မျက်မှောင်ကြုတ်မေးလိုက်၏။ မသက်နွယ်ကရယ်ပြီး....

"ဦးလေးညိုကိုပြောနေတာ မေမေရဲ့...."

ဟု ကြားဝင်ဖြေလိုက်၏။

"ဘာဖြစ်လို့ ရန်ဖြစ်ရတာလဲ။ တစ်အိမ်တည်းနေတာ သင့်မြတ်အောင်နေမှပေါ့"

ဒေါ်မြခိုင်က ပြောလိုက်၏။

"ကျွန်မက ရန်မဖြစ်ချင်ပါဘူး ဆရာကတော်၊ ကျွန်မပြောတဲ့စကားကို သူကလိုက်လိုက်ဖျက်နေလို့ပါ...."

ဒေါ်ဖွားမယ်၏စကားဆုံးလျှင် ဦးညိုကြီးကထိုင်ရာမှ ထပြီး ဖြေရှင်းလိုက်၏။

mgyoe.com

mgyoe.com


"ကျွန်တော်က ဖျက်တာမဟုတ်ဘူးအစ်မကြီး၊ သူက ဟိုပျဉ်းမပင်တောတန်းကအိမ်မှာ သရဲအထီးရှိသလေးဘာလေးနဲ့ မိန်းကလေးကို မဟုတ်တာတွေပြောပြလို့ ကျွန်တော်က မရှိကြောင်းပြန်ပြောတာကို ပါးရိုက်မယ်တဲ့လေ....သူက"

ဦးညိုကြီးက ခံပြင်းစွာပြောလိုက်၏။ ဒေါ်မြခိုင်က သမီးဖြစ်သူ မသက်နွယ်အား တစ်ချက်လှည့်ကြည့်လိုက်ပြီး....

"ခက်ပါဘိနော်... သမီးကလည်း ကျောင်းပိတ်ချိန်ပြန်လာတဲ့အခိုက် အေးအေးနေစမ်းပါကွယ်။ မဟုတ်တာတွေ ပြဿနာလုပ်နေတာကိုး။ ဒီမှာ...ဦးညိုကြီးရော ဒေါ်ဖွားမယ်ရော... ကိုယ့်တာဝန်ရှိတာ ကိုယ်ကျေပွန်အောင်လုပ်ကြ။ ဒီပျဉ်းမပင်တောတန်းနဲ့ ဒီအိမ်ပျက်ကြီးအကြောင်း ဒီနေ့ကစပြီး တစ်ခွန်းမှမပြောရဘူး။ ဒါနောက်ဆုံးသတိပေးတာပဲ၊ ကဲ....လာသမီး အိမ်ပေါ်တက်စို့...."

ဒေါ်မြခိုင်က မသက်နွယ်၏လက်မောင်းကိုဆွဲကာ အိမ်ဘက်သို့ လှည့်ပြန်သွားရန် ဟန်ပြင်ရင်းမှ....

"ဦးညိုကြီးရော... ဒေါ်ဖွားမယ်ရော... မောင်တိုးနေသလို နေကြစမ်းပါ။ ဒီသူငယ်ကလေးက အသက်ငယ်ပေမဲ့ ဘယ်လောက်အနေအထိုင်အေးသလဲ။ သူနဲ့မဆိုင်တာကို တစ်ခွန်းမှမပြောရှာဘူး၊ တစ်အိမ်တည်းသားချင်းကို အင်မတန် သင့်မြတ်အောင်နေတတ်တဲ့ လူကလေး"

ဟု မောင်တိုးကို ချီးကျူးသောအသံဖြင့် စံနမူနာပြသွားလေသည်။

* * *

တနင်္ဂနွေနေ့ တစ်နေ့ဖြစ်သည်။ ဦးကျော်ဒင် ဒေါ်မြခိုင်တို့ နေရာအိမ်သို့ ခရိုင်ဝန်ဦးဘလွင် ဒေါ်မိမိနှင့် သားဖြစ်သူ မောင်မောင်လွင်တို့ အလည်အပတ်ရောက်လာကြလေသည်။ ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်တို့

mgyoe.com

mgyoe.com


က ခင်မင်ရင်းစွဲမိတ်ဆွေများဖြစ်သည့်အလျောက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဧည့်ခံကြလေသည်။

"အိမ်ကြီးကလည်း ကောင်းပါ့ဗျာ၊ ခြံကြီးကလည်း သာယာ ကြည်နူးစရာကောင်းပါဗျာ၊ ဒါထက်ဘာစိတ်ကူးကြောင့် ခင်ဗျားက စောစောစီးစီး ပင်စင်ယူလိုက်တာလဲ ကိုကျော်ဒင်ရဲ့...."

ဦးဘလွင်က ခင်မင်ရင်းနှီးသူပီပီ မေးလိုက်၏။

"နောင်သံသရာ ကိုယ့်ဖို့ပါအောင် အေးအေးဆေးဆေး တရား အား ထုတ်ချင်လို့ပဲဆိုပါတော့ ကိုဘလွင်၊ ဒါထက်....ခင်ဗျားက ပဲခူး ရောက်နေတာ ဘယ်လောက်ကြာပြီလဲဗျ၊ ကျွန်တော်ဒီကို ပြောင်းလာပြီး နေတယ်ဆိုတာ ခင်ဗျားကိုဘယ်သူပြောလဲဗျ...."

ဦးကျော်ဒင်က မေးလိုက်၏။

"ခင်ဗျားတို့နဲ့ မန္တလေးမှာ အတူနေကြရာက ကျွန်တော်ပြောင်း လာပြီးတဲ့နောက် မော်လမြိုင်မှာ လေးနှစ်လောက်နေခဲ့ရတယ်၊ အခု ပဲခူး ရောက်တာ နှစ်နှစ်ကျော်လောက်ပဲ ရှိသေးတယ်။ ဟိုတစ်လောကမှ ဆေး ရုံက ဆရာဝန်ကြီးနဲ့ စကားစပ်မိကြပြီး ခင်ဗျားတို့ပဲခူးမှာ အခြေစိုက်ကြပြီ ဆိုတာ သိရတာပဲ။ ဒါကြောင့် တွေ့လိုဇောနဲ့ သားရောမယားရော ခေါ် လာခဲ့ရတယ်လေ"

"ဝမ်းသာပါတယ် ကိုဘလွင်ရာ၊ အခုလိုလာတာ ကျေးဇူးလည်း သိပ်တင်တာပဲ။ ဒါ ခင်ဗျားသားနော် ထွားလာလိုက်တာ။ မန္တလေးမှာ ကျွန်တော်တို့နေကြစဉ်က သူငယ်ငယ်ပဲရှိသေးတာပဲ"

ဦးကျော်ဒင်က ဦးဘလွင် ဒေါ်မိမိတို့၏သား မောင်မောင်လွင်ကို ကြည့်ကာ ပြောလိုက်ပြီးမှ....

"နေပါဦးဗျ... သူ့နာမည်က ဘယ်သူတဲ့။ ကျွန်တော်က ငယ်နာ မည်အတာဆိုတာကိုပဲ မှတ်မိနေတယ်"

mgyoe.com

mgyoe.com


ဟု မေးလိုက်၏။ ဦးဘလွင်ကမဖြေမီ ဒေါ်မိမိက သားအတွက် ဂုဏ်ယူဝင့်ကြွားစွာဖြေလိုက်၏။

"အခု ကြီးနာမည်က မောင်မောင်လွင်တဲ့ ဦးကျော်ဒင်ရဲ့၊ ဒီနှစ် ဘီ–အက်စ်–စီ အောင်ပြီးလို့ တစ်နှစ်လောက်တော့ အနားယူပါဦးလို့ တောင်းပန်ထားရတယ်။ သားက အင်မတန် ပညာလိုလားတာ နိုင်ငံခြား ထိအောင် သွားပညာသင်ချင်တဲ့ စိတ်က ရှိနေတယ်ရှင့်...."

"ချီးကျူးစရာပါပဲ... ဒေါ်မိမိရယ်... သားတစ်ယောက်ဆို သလောက် အဖိုးတန်ပေတာကိုး...."

ဒေါ်မြခိုင်က ဒေါ်မိမိ၏စကားကို အလိုက်သင့်ပြောလိုက်၏။

"အို... အဖိုးတန်တာတော့ ဆိုစရာမရှိပါဘူး ဒေါ်မြခိုင်၊ အနေ အထိုင်သိမ်မွေ့တာ၊ အပျော်အပါးကင်းတာ... မိဘကို ရိုသေကျိုးနွံတာ တော့ မိန်းကလေးတောင် ရှုံးလောက်ပါပေတယ်... "

ဒေါ်မိမိနှင့် ဒေါ်မြခိုင်က ချီးကျူးနေသည်ကို မောင်မောင်လွင်က မျက်နှာမထားတတ်ဟန်ဖြင့် ဧည့်ခန်းတွင်းရှိ ဓာတ်ပုံများဘက်ကို မျက်နှာ မူကာ စိတ်ဝင်စားဟန်ပြုနေသည်။ ဦးဘလွင်နှင့် ဦးကျော်ဒင်ကား အမျိုး သမီးကြီးနှစ်ယောက်၏ စကားကို နှစ်ခြိုက်စွာ ပြုံးပြီး နားထောင်နေ ကြသည်။

"ဩော်... ဒါထက်... ဒေါ်မြခိုင်သမီးရော... မမြင်ပါကလား..."

ဒေါ်မိမိက မေးလိုက်မှ ...

"အေး... ဟုတ်သားပဲ...။ ဘယ်မှာတုံးဗျ... ကိုကျော်ဒင် ခင်ဗျား သမီးမမြင်ပါကလား၊ တော်တော်ကြီးရောပေါ့" ဟု ဦးဘလွင်ကပါ မေးလိုက်၏။

"ရှိပါတယ် ... အိမ်ပေါ်ထပ်မှာ စာဖတ်နေပါတယ်..."

ဒေါ်မြခိုင်က ဖြေလိုက်သည်။

mgyoe.com

mgyoe.com


"ခေါ်စမ်းပါဦး ဒေါ်မြခိုင် ... သားနဲ့ဆိုရင် မန္တလေးမှာ နေစဉ်က အိမ်ချင်းလည်းနီးတော့ ကစားဖက်တွေပဲ၊ မှတ်မှမှတ်မိကြပါမလား မသိဘူး...။ သားကတော့ အသက်ပိုကြီးလို့ မှတ်မိတယ်မဟုတ်လားကွဲ့..."

ဒေါ်မိမိက စကားပြောရာမှ မောင်မောင်လွင်အား လှည့်မေးလိုက်၏။

"မှတ်မိပါတယ်မေမေ... အသက်က ကျွန်တော့်ထက် လေးငါးနှစ်လောက် ငယ်တာပဲ။ ဟိုတုန်းကဆိုရင် ဘာဖြစ်ဖြစ် အသက်ကချည်း ကျွန်တော့်ကို အနိုင်ယူခဲ့တာပါ..."

မောင်မောင်လွင်က အေးဆေးတည်ငြိမ်သောအသံဖြင့် သိမ်မွေ့စွာဖြေလိုက်၏။ ထိုအခိုက် ဒေါ်ဖွားမယ်က လက်ဖက်ပွဲလာချသဖြင့် ဒေါ်မြခိုင်က မသက်နွယ်အား ခေါ်လာခဲ့ရန် ဒေါ်ဖွားမယ်အား ပြောလိုက်သည်။

မိတ်ဟောင်းဆွေဟောင်းချင်း တွေ့ကြသည့် အခိုက်မို့ လက်ဖက်ရည်သောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေခိုက်မှာ မသက်နွယ်သည် ဧည့်ခန်းထဲဝင်လာပြီး မိခင်ဒေါ်မြခိုင်အနားတွင် ထိုင်လိုက်၏။

"သမီး ... အသက်၊ ဟောဒီအန်တီတို့ကို မှတ်မိသေးသလားကွဲ့..."

ဒေါ်မြခိုင်ကမေးလိုက်၏။

"သမီးစိတ်မှာ ဇဝေဇဝါဖြစ်နေပါတယ်မေမေ..."

မသက်နွယ်က ချစ်စဖွယ်ပြုံးကာ ဦးဘလွင် ဒေါ်မိမိနှင့် မောင်မောင်လွင်အား တစ်လှည့်စီ ကြည့်ရင်းဖြေလိုက်သည်။

"မန္တလေးမှာ အတူတူနေခဲ့ကြတဲ့ အိမ်နားနီးချင်းတွေ သမီးရဲ့၊ ခရိုင်ဝန်ဦးဘလွင်–ဒေါ်မိမိ၊ ဟောဒီ တူမောင်က သမီးနဲ့ ဟိုတုန်းက ကစားဖက်အတာလေ . . ."

mgyoe.com

mgyoe.com


ဒေါ်မြခိုင်က မိတ်ဆက်ပေးလိုက်သည်။ မသက်နွယ်ကမူ စဉ်းစားသလို ပြုံးချိုသော မျက်နှာလေးဖြင့် ငေးပြီး ငြိမ်နေသည်။

"စဉ်းစားဦးသမီးရဲ့... စဉ်းစားဦး"

ဦးကျော်ဒင်က ထိုမျှသာပြောပြီး ဆေးပြင်းလိပ်ကြီးကို ဖွာနေ၏။ ဦးဘလွင်နှင့် ဒေါ်မိမိကား မသက်နွယ်မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေကြသည်။

"အသက်က မေ့လွယ်လိုက်တာဗျာ။ ကျွန်တော်က တစ္ဆေကြောက်တတ်တယ်လို့ ပြောမိတာနဲ့ အသက်က ကျွန်တော့်ကို နာမည်မခေါ်ဘဲ ကိုသတ္တိလို့ နာမည်ပေးလာခဲ့တဲ့ အတာလေ . . . "

မောင်မောင်လွင်က မမေ့နိုင်ဖွယ်ရာဇဝင်ကလေးကို ဖော်ပြောမှ မသက်နွယ်က ငေးငြိမ်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဩော် ... ကိုမောင်မောင်လွင် ဟုတ်သားပဲ။ ဒေါ်ဒေါ်မိတို့ကိုး။ အခုမှ အသက်အားလုံး ပြန်အမှတ်ရတော့တယ်၊ ကိုမောင်မောင်လွင်က အခုလည်း တစ္ဆေကြောက်တုန်းပဲလား..."

မသက်နွယ်က ခင်မင်ရင်းနှီးစွာ ပြန်ပြောလိုက်၏။

"အခု ကျွန်တော်က လူကြီးဖြစ်နေပြီ အသက်ရဲ့။ တစ္ဆေကို ကြောက်တယ် လန့်တယ်မဟုတ်တော့ပါဘူး။ ဒါပေမဲ့ တစ္ဆေခြောက်တယ် ဆိုတဲ့နေရာတော့ ရှောင်တယ်လေ"

မောင်မောင်လွင် စကားဆုံးသောအခါ ဒေါ်မိမိက တစ်စုံတစ်ရာ သတိရသလို ဒေါ်မြခိုင်ဘက်သို့လှည့်ပြီး စကားအထူးအဆန်း ပြောလိုက်၏။

"အဲ ... တစ္ဆေဆိုမှ ကျွန်မကပြောလိုက်ရဦးမယ် ဒေါ်မြခိုင် ရှင်တို့က ဒီနေရာလာ အိမ်ဆောက်နေတယ် ကြားတော့ ကျွန်မအံ့အားသင့်သွားမိတယ်။ ဟိုပျဉ်းမပင်တောတန်းက အိမ်ကြီးအကြောင်းများ မသိရော့

mgyoe.com

mgyoe.com


သလားလို့ ဒီတစ်ဝိုက်ကို လူတော်တော်ရှောင်တယ်ရှင့် . . . "

"ကျွန်မတို့တော့ ဒါတွေ အယုံအကြည်လည်းမရှိ စိတ်လည်းမဝင်စားဘူး ဒေါ်မိမိရယ်။ ကိုယ်စိတ်တိုင်းကျမယ့် နေရာရွေးပြီး နေလိုက်တာပါပဲ"

ဒေါ်မြခိုင်က တကယ်ပင် စိတ်မဝင်စားသည်အလျောက် ပေါ့ဆဆပင်ပြောလိုက်၏။ မသက်နွယ်ကား စိတ်ဝင်စားလိုက်၏။

"ဟုတ်ကဲ့ ဒေါ်ဒေါ်မိ၊ ဒီအိမ်ကြီးအကြောင်း အသက်လည်း သုံ့သုံ့တော့ ကြားမိပါတယ်။ ဒေါ်ဒေါ်မိသေသေချာချာသိရင် ပြောပြပါ၊ အသက်နားထောင်ချင်ပါတယ်"

မသက်နွယ်က တောင်းပန်လိုက်သည်။

"အသက်က တစ္ဆေခြောက်တယ်ဆိုတာ မယုံချင်ပြန်ဘူးထင်တယ်"

မောင်မောင်လွင်က စူးလှသောမျက်လုံးဖြင့် မသက်နွယ်တစ်ကိုယ်လုံးကို ရဲတင်းစွာ သိမ်းကျုံးကြည့်ရင်း မေးလိုက်သည်။

"ယုံတာ မယုံတာဖယ်ထားလေ။ ထူးခြားတဲ့ အကြောင်းတစ်ခုခုဆိုရင် အသက်က ဗဟုသုတအနေနဲ့ ကြားချင်လို့ပါ ကိုမောင်မောင်လွင်"

ထိုအိမ်ကြီးအကြောင်းကို မိဘနှစ်ပါးက မနှစ်မြို့မှန်းသိ၍ မသက်နွယ်က လိမ္မာပါးနပ်စွာပြောလိုက်၏။ ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်ကား ဧည့်သည်များရှေ့တွင် ဖြစ်တစ်ကြောင်း၊ သမီး၏ အကြောင်းပြချက်မှာ လက်ခံနိုင်သည်ဖြစ်၍ ဟန့်တားပြောဆိုခြင်းမပြုဘဲ ကြည်ဖြူစွာပင် ဆိတ်ဆိတ်နေလိုက်ကြသည်။

"ဒေါ်ဒေါ်မိကတော့ စုံစုံလင်လင်သိပ်မသိဘူးကွဲ့ ဟော အသက်ဘဘကြီးကိုမေးပေတော့ သူတို့အစိုးရဘက်က ဒီအိမ်ကြီးအကြောင်း တော်တော်စုံစမ်းခဲ့ကြဖူးတယ်...."

mgyoe.com

mgyoe.com


ဒေါ်မိမိက မသက်နွယ်အားပြောပြီး....

"ပြောပြလိုက်ပါကိုဘလွင် အသက်က သိပ်သိချင်နေဟန်တူပါ တယ်..."

ဟု... ခင်ပွန်းသည်အား တိုက်တွန်းလိုက်၏။

"တူမကြီးက ပွဲတောင်းနေလည်း ပြောရတာပေါ့ဗျာ နားထောင် အသက် ဘဘကြီးပြောပြမယ်ကွဲ..."

ဦးဘလွင်က ဆေးတံပြာခွက်ထဲ ခေါက်ရင်းမှ ပြန်ကြားလိုက်၏။

"ဟုတ်ကဲ့ ဘဘကြီး၊ အသက်နားထောင်ပါမယ်..."

မသက်နွယ်က စိတ်ဝင်စားစွာပြောလိုက်သည်။

"အင်း... အသက်က ကျောင်းသားဆိုတော့ ဗမာရာဇဝင် သင်ခဲ့ ရတဲ့အထဲမှာ မင်းတုန်းဘုရင်မင်းမြတ်ရဲ့ ထင်ရှားတဲ့ အဆောင်ရ မိဖုရား တွေထဲက စိန်တုံးမိဖုရားဆိုတာ ရာဇဝင်မှာတွေ့လိုက်ပါလိမ့်မယ်..."

"ဟုတ်ကဲ့ ဘဘကြီး... ဖတ်ဖူးမှတ်ဖူးပါတယ်..."

ဦးဘလွင်နှင့် မသက်နွယ်တို့ အမေးအဖြေကို ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်က သဘောမပေါက်ချေ။ ပဲခူးရှိ ပျဉ်းမပင်တောတန်းမှ တစ္ဆေ ခြောက်သောအိမ်ကြီးမှာ အဘယ်ကြောင့် ရတနာပုံနေပြည်တော် မင်းတုန်းဘုရင်၏ စိန်တုံးမိဖုရားနှင့် ပတ်သက်နေပါသနည်းဟု တွေး တောကာ ဆိတ်ငြိမ်စွာနားထောင်နေကြသည်။

"အေး... အဲဒီစိန်တုံးမိဖုရားက တစ်စုံတစ်ခုသော ကိုယ်ရေးကိုယ် တာကိစ္စကြောင့် ဘာရယ်လို့တော့ ဘဘကြီးတို့ မသိဘူးပေါ့ကွယ်။ မိဖုရားစည်းစိမ်ကိုစွန့်ခွာပြီး အောက်ပြည်အောက်ရွာ ဆင်းလာခဲ့တယ်တဲ့။ စိန်တုံးမိဖုရားရဲ့ မောင်တော်အရင်းဖြစ်တဲ့ မင်းသားကြီး ထိပ်တင်ဦးလည်း ပါလာတယ်တဲ့။ စိန်တုံးမိဖုရားကတော့ မော်လမြိုင်ဘက်ကူးပြီး ဘိက္ခုနီ အဝတ်လဲ တရားအားထုတ်နေရာက မော်လမြိုင်ဘက်မှာဘဲ နတ်ရွာစံ

mgyoe.com

mgyoe.com


သွားရှာတယ်။ မော်လမြိုင်တောင်ရိုးပေါ်မှာ အောင်တော်မူဘုန်းကြီး ကျောင်းဆိုတာရှိတယ်။ အဲဒီဘုန်းကြီးကျောင်းရှေ့ မြေအနိမ့်တောင် စောင်းကလေးမှာပေ့ါလေ စိန်တုံးမိဖုရားရဲ့ အုတ်ဂူဟာ အခုထက်ထိရှိနေ သေးတယ် တူမကြီး။ အုတ်ဂူက ကမ္ဗည်းတော့ထိုးမထားဘူး။ ဒီဂူထဲမှာ ပစ္စည်းတွေရှိတယ်ထင်ပြီး လူမသမာတစ်စုကဖောက်ထားလို့ ဂူမှာ အပေါက် ဖြစ်နေတယ်ကွဲ့"

ဦးဘလွင်က စကားရပ်ပြီး ဆေးတံကိုမီးညှိနေသည်။ ဦးကျော်ဒင် ဒေါ်မြခိုင်၊ ဒေါ်မိမိနှင့် မောင်မောင်လွင်တို့ကား ပုံပြင်တစ်ခုကိုနားထောင် နေသော ကလေးငယ်များကဲ့သို့ ငြိမ်သက်စွာနားထောင်နေကြသည်။

"ကြေကွဲစရာပဲနော်... ဘဘကြီး၊ ဒါနဲ့ စိန်တုံးမိဖုရားနဲ့ ဒီပျဉ်းမ ပင်တောတန်းကအိမ်ကြီးက ဘယ်လိုဆက်သွယ်နေပါလိမ့် ဘဘကြီး ရယ်..."

စကားပြတ်သွားသည်ကို မချင့်မရဲဖြစ်ဟန်နှင့် မသက်နွယ်က မေးလိုက်၏။ ဦးဘလွင်က ဆေးတံကိုအားပါးတရ ရှိုက်ဖွာလိုက်ပြီး စကားဆက်လိုက်၏။

"အေး... မိဖုရားကြီးရဲ့ မောင်တော်အရင်း... မင်းသားကြီး ထိပ်တင်ဦးကတော့... သူ့အစ်မတော်ရှိရာ မော်လမြိုင်မှာ မနေဘူးတဲ့ကွဲ့ ပစ္စည်းဥစ္စာချမ်းသာတဲ့ မွန်အမျိုးသားသူဌေးကြီး ဦးပန်းဝါရဲ့သမီးနဲ့ လက်ဆက်ပြီး ပဲခူးပြောင်းလာကြတယ်တဲ့။ ဒီအိမ်ကြီးကိုတော့... ထိပ် တင်ဦးက ဆောက်တာမဟုတ်ဘူး။ ထိပ်တင်ဦးရဲ့ မြေးတော်သူ ဦးသီဟ လက်ထက်မှာ ဆောက်ခဲ့တာတဲ့ တူမကြီးရဲ့၊ စစ်မဖြစ်ခင် လေးငါးနှစ်ကမှ ဒီအိမ်ကြီးဆောက်ပြီး ဒီသစ်ပင်တွေစိုက်ခဲ့တာကွဲ့...."

ဦးဘလွင်က စကားရပ်ပြီး ဆေးတံကိုဖွာလိုက်ပြန်လေသည်။ အနားယူသော ဦးဘလွင်အား မသက်နွယ်က အလိုက်သိစွာ ဆိတ်ငြိမ်စွာ

mgyoe.com

mgyoe.com


ကြည့်နေသည်။ သိလိုစိတ်ပြင်းထန်နေသော မသက်နွယ်၏မျက်နှာထားကို အကဲခတ်မိသော ဦးဘလွင်က ဆေးတံကို စိမ်ပြေနပြေ ဖွာမနေဘဲ စကားဆက်လိုက်၏။

"ဦးသီဟက... ဘိုးတော် ထိပ်တင်ဦးထံမှာပါလာတဲ့ ကျောက်သံပတ္တမြားတွေ၊ ဘွားတော် မွန်အမျိုးသမီးရဲ့ ပစ္စည်းတွေက သိပ်တောင့်တင်းနေတော့ ပညာတွေတော့သင်ပါရဲ့ ဘာအလုပ်မှမလုပ်ဘဲ မျိုးချစ်စိတ်ထက်သန်တဲ့အလျောက် လူယုံတပည့်တွေမွေးပြီး မျက်နှာဖြူတွေကို အများဆုံးအနှောင့်အယှက်ပေးခဲ့တယ်တဲ့ကွယ်။ အင်္ဂလိပ်အစိုးရကလည်း ဦးသီဟကို မျက်နှာကြောမတဲ့တော့ ဖမ်းမယ်ဆီးမယ်ကြံတိုင်း ဘယ်တော့မှရှာမတွေ့ဘူးတဲ့။ နောက်ဆုံးတော့ ဒုတိယကမ္ဘာစစ်ကြီးအဖြစ်မှာ ဗြိတိသျှတွေ ဗမာပြည်က ဆုတ်ခွာမယ့်ဆဲဆဲ အဲဒီအိမ်ကြီးထဲမှာ ဦးသီဟရှိနေတဲ့အချိန် အင်္ဂလိပ်စစ်တပ်က အလစ်ဝင်ပြီး ဒိုင်းနမိုင်းနဲ့ခွဲသွားတာ ဦးသီဟလည်းသေ အိမ်ကြီးလည်း တစ်ခြမ်းပြိုကျပျက်စီးသွားတာပေါ့လေ..."

"အဲဒီနောက် ဒီအိမ်ကြီး သရဲခြောက်တယ်ဆိုပြီး ဘယ်သူမှဆက်သွယ်ခြင်း၊ စိတ်ဝင်စားခြင်းမရှိဘဲ နေခဲ့ရာက လွန်ခဲ့တဲ့ နှစ်နှစ်လောက်တော့ မသက်ာစရာတွေ့ရတယ်လို့ သတင်းရတာနဲ့ ရဲကသွားစုံစမ်းတယ်တဲ့၊ အိမ်ခြံထောင့် တဲကလေးတစ်လုံးမှာ ဦးသီဟရဲ့ညီတော်တယ်ဆိုတဲ့ အဘိုးကြီးတစ်ယောက် အဂ္ဂရတ်ထိုးနေတာကလွဲပြီး ဘာမှမတွေ့ခဲ့ဘူးလို့ ပြောတာပဲ၊ အဲ....ပျက်စီးနေတဲ့ အိမ်ကြီးထဲမှာ သစ်သားပန်းပု ရုပ်လုံးကြီးတစ်ခုတည်း အကောင်းရှိတယ်တဲ့ အသုံးအဆောင်ပစ္စည်းတွေကတော့ ဟောင်းနွမ်းကျိုးပဲ့နေတာတွေပဲ တွေ့ခဲ့ရတယ်လို့ ရဲဘက်အစီရင်ခံစာ ဖတ်လိုက်ရဖူးတယ်"

ဦးဘလွင်က စကားအဆုံးသတ်ပြီးမောသွားဟန်ဖြင့် ဆေးတံ

mgyoe.com

mgyoe.com


ကိုကောက်ယူမီးညှိလိုက်၏။

"အဲဒီ ဦးသိဟရဲ့ သားမယားတွေကရော မကျန်ရစ်ဘူးလား ဘဘကြီး...."

မသက်နွယ်က စေ့စေ့စပ်စပ်တွေးပြီး မေးလိုက်၏။

"ဒီအိမ်ကြီးအကြောင်းကို သမီး တော်တော်စိတ်ဝင်စားနေပြီ ထင်တယ်"

ဦးကျော်ဒင်က မေးလိုက်သည်။

"စိတ်ဝင်စားတယ်လို့တော့ မဟုတ်ပါဘူးဖေဖေ။ ထူးထူးဆန်းဆန်း အကြောင်းဆိုရင် သမီးက သိပ်နားထောင်ချင်လို့ပါ"

မသက်နွယ်က ဖြေလိုက်သည်။

"ဟုတ်တယ် ဦးဘလွင်၊ သမီးက စူးစမ်းတတ်တဲ့ ဝါသနာရှိတော့ ဒီအိမ်ကြီးကို သွားချင်လှချေရဲ့ပြောနေလို့ မသိုးမသံ့သတင်းထွက်နေတဲ့နေရာကို မသွားချင်ပါနဲ့ သမီးရယ်လို့ တားထားရတယ် ဦးဘလွင်ရဲ့"

ဒေါ်မြခိုင်က ပြောလိုက်၏။

"ဟုတ်ပါတယ် မသွားတာကောင်းပါတယ် တူမကြီး၊ ဒီအိမ်ကြီးထဲမှာ သရဲရှိမှန်းမသိ၊ ဒေါ်ဒေါ်မိတို့တော့ ကြောက်တတ်ဝန်ကင်းပဲ၊ ဒီနေရာမျိုး ဝေးဝေးကရှောင်မှာ ဦးကျော်ဒင်နဲ့ ဒေါ်မြခိုင်တို့သာ ပေါက်ပေါက်ရှာရှာ ဒီနေရာလာ အိမ်ဆောက်နေတတ်ပလေ။ လူသူအဆက်က လဲဝေးပါဘိသနဲ့ ဒီအိမ်ပျက်ကြီးက သီချင်းသံ စောင်းသံရော မကြားမိဘူးလား"

ဒေါ်မိမိက ဒေါ်မြခိုင်စကားကို ထောက်ခံရင်း ပြောလိုက်သည်။

"ဒီနေရာက အေးဆေးဆိတ်ငြိမ်တယ်ဒေါ်မိမိရဲ့၊ ပုတီးစိပ်လို့ အလွန်ကောင်းဗျ၊ ကျွန်တော်တို့တော့ ဘာမှမကြားရမမြင်ရပါဘူးဗျာ"

mgyoe.com

mgyoe.com


ဦးကျော်ဒင်က သူ့ခြံဝင်းဂေဟာကို နှစ်ခြိုက်သောစိတ်နှင့် ပြောလိုက်သည်။ သူတို့စကားပြော၍ ဆုံးသောအခါမှ မသက်နွယ်က သူသိလိုသော အရာကိုမေးလိုက်ပြန်၏။

"အသက်သိချင်တာတွေသိရတော့ သွားလိုစိတ် မရှိတော့ပါဘူး မေမေ၊ ဒါထက် အခုနက အသက်မေးထားတာကလေး သိပါရစေဦး ဘဘကြီး"

မသက်နွယ်၏ မေးခွန်းကြောင့် ဦးဘလွင်က ဆေးတံကို ပါးစပ်မှ ချွတ်ပြီးပြောလိုက်၏။

"အေးကွဲ့... တူမကြီးမေးတာမေးထိုက်တယ်။ ဒါပေမဲ့... ဘဘကြီးက ဒီထိအောင်တော့ မသိတော့ဘူး။ တူမကြီးကို ဒါလောက် ပြောပြနိုင်တာတောင် ဘဘကြီးက မော်လမြိုင်မှာနေခဲ့ဖူးလို့ စိန်တုံးမိဖုရားအုတ်ဂူကို တွေ့မိတာနဲ့ စုံစမ်းမေးမြန်းကြည့်လို့ ပြောပြနိုင်တာကွဲ့"

မသက်နွယ်သည် တစ်စုံတစ်ရာမှ ပြန်လည်မေးမြန်းခြင်း မပြုတော့ဘဲ တွေးတောစဉ်းစားသလို ငြိမ်နေသည်။

"အသက် တက္ကသိုလ်ရောက်ပြီလား...."

တစ်ချိန်လုံး တိတ်ဆိတ်နေသော မောင်မောင်လွင်က မေးလိုက်၏။

"ဟုတ်ကဲ့....ဒီနှစ် အိုင်–အက်စ်–စီ ပထမနှစ်ဖြေခဲ့ပြီးပါပြီ"

မသက်နွယ်က စိတ်မပါသောအသံဖြင့် ပြန်ကြားလိုက်၏။

"သြော်... တူမကြီးက တက္ကသိုလ်တောင်ရောက်နေပြီလား"

ဒေါ်မိမိက ချီးကျူးသောအသံဖြင့် မေးလိုက်၏။

"ဟုတ်ကဲ့ဒေါ်ဒေါ်မိ"

မသက်နွယ်က တိုတိုပင်ဖြေလိုက်သည်။

"လိမ္မာပါပေတယ်... မိဘချမ်းသာပေမဲ့... ပေါ့ပေါ့တန်တန် စိတ်မထားဘဲ ပညာကိုကြိုးစားသင်ယူတာ ဒေါ်ဒေါ်မိဖြင့် ချီးကျူးတယ်ကွယ်

mgyoe.com

mgyoe.com


...တကယ့်ကို အဖိုးတန် သမီးကလေးပါပဲလား...."

ချမ်းသာကြွယ်ဝသော ဦးကျော်ဒင်နှင့် ဒေါ်မြခိုင်၏ ပစ္စည်းအင်အားသိပြီးဖြစ်သော ဒေါ်မိမိက မသက်နွယ်အား နှစ်ခြိုက်လေးပင်စွာ ချီးကျူးရင်း သားဖြစ်သူမောင်မောင်လွင်၏ မျက်နှာကို မသိမသာကြည့်လိုက်သည်။

"ကဲ... စကားပြောလို့တော့ ကောင်းပါတယ်ဗျာ။ တော်တော်လေးကြာသွားပြီမို့ ပြန်ဦးမှပဲနော်... ကိုကျော်ဒင်..."

ဦးဘလွင်က နှုတ်ဆက်လိုက်သဖြင့် ဒေါ်မိမိနှင့်မောင်မောင်လွင်ပါ ထိုင်ရာမှထလိုက်ကြသည်။

"အိမ်ကိုလည်း လာလည်ကြပါဦး ဒေါ်မြခိုင်၊ တူမကြီးပါ လိုက်ခဲ့နော်..."

ဒေါ်မိမိက ဖိတ်ကြားလိုက်၏။

"လာမှာပေါ့ဒေါ်မိမိ၊ အခုလို လူရင်းချင်းပြန်ဆုံရတာ သိပ်ဝမ်းသာတယ်။ စကားပြောရတာဝတောင်မဝသေးဘူး"

ဒေါ်မြခိုင်က ခင်မင်စွာ ပြန်ပြောလိုက်၏။

"သွားမယ်နော် အသက်။ စာပေနဲ့ပတ်သက်ပြီး အကူအညီလိုရင် ကျွန်တော့်ကိုပြောပါ။ အားမနာပါနဲ့ အသက်ရယ်...."

မသက်နွယ်အား ရွှန်းရွှန်းစားစားကြည့်ပြီး နှုတ်ဆက်လိုက်သော မောင်မောင်လွင်၏ မျက်လုံးအဓိပ္ပာယ်ကို မသက်နွယ်က မသိဟန်ဆောင်ကာ ...

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်... ကိုမောင်မောင်လွင်... အသက် အကူအညီလိုတဲ့အခါတော့ ပြောပါ့မယ်..."

ဟုတ္တနွေ့ရရပင် ပြန်လည်နှုတ်ဆက်လိုက်သည်။

* * *

mgyoe.com

mgyoe.com


မသက်နွယ်သည် ပျဉ်းမပင်တောတန်း ပိတောက်ပင်အုပ်စု အတွင်းမှ ဦးသီဟ၏အိမ်ပျက်ကြီးအကြောင်းကို ပို၍သာစိတ်ဝင်စားလာလေသည်။ အိမ်ပျက်ကြီး၏ ရာဇဝင်ကို ဦးဘလွင်ပြောပြ၍ သိသင့်သလောက်သိရသော်လည်း မသက်နွယ်၏စိတ်မှာ မကျေနပ်ချေ။

မျိုးချစ်စိတ်ထက်သန်လှသော ဦးသီဟကို မသက်နွယ်စိတ်ထဲမှာ ကြည်ညိုလာသည်။ သူ၏သားမယား အဆက်အနွယ်တို့ အသက်ထင်ရှား ရှိမရှိ မသက်နွယ်သိလိုသည်။ အိမ်ပျက်ကြီးအတွင်းမှ ရဲဘက်က တွေ့ခဲ့ရသည်ဆိုသော သစ်သားပန်းပုရုပ်လုံးသည် မည်သူနည်း။ အလှထုထားသော ရုပ်လုံးလော အိမ်သားတစ်ဦးတစ်ယောက်၏ ပုံတူရုပ်လုံးလော အိမ်ပျက်ကြီးအတွင်းမှ သာယာသောအသံဖြင့် လွမ်းစဖွယ်တေးကို သီနေတတ်သော အသံရှင်သည် သရဲအထီးဆိုသည်မှာ ဟုတ်ပါလေစ၊ အင်္ဂရိတ်ထိုးနေသော အဘိုးကြီးတစ်ယောက်ကလွဲလျှင် ထိုအိမ်ပျက်ကြီးမှာ မည်သူမှမရှိဟု အတိအကျဆိုထားပါလျက် အသံရှင်ကား... မည်သူဖြစ်ပေသနည်း။ မသက်နွယ်သည် စိတ်ဝင်စားစွာ ချာလည်လိုက်အောင် တွေးနေရာမှ စိတ်ဝင်စားမှုသည် ပိုမိုပြင်းထန်လာလေသည်။ အတိအကျသိလိုစိတ်ကို တားဆီးမရအောင် ဖြစ်လာလေသည်။

တန်ခူးလပြည့်တော့မည်ဖြစ်၍ မိုးတိမ်ကင်းစင်ကြည်လင်သော ကောင်းကင်မှာ ငွေဝန်းစန္ဒာ ယုန်စကြာသည် အေးမြသော အရောင်ဖြာလျက် ကြည်လင်စွာသာနေသည်။

အချိန်မှာ ညသန်းခေါင်သို့ပင် လုနေပြီဖြစ်၏။

အနောက်ဘက် တောတန်းဆီမှ သက်ကြီးခေါင်းချချိန် ကြက်တွန်သံကို မသက်နွယ်သဲ့သဲ့မျှ ကြားရသည်။ တသုန်သုန်တဖြူးဖြူးတိုက်ခတ်လာသော သန်းခေါင်လေပြည်ဝယ် ခြံဝင်းအတွင်းရှိ သစ်ပင်ကြီးများမှ အခက်အရွက်များ တဖျတ်ဖျတ်တရှရှ ထိခိုက်သံသည်

mgyoe.com

mgyoe.com


မသက်နွယ်၏နားထဲမှာ တစ်မျိုးအားဖြင့် သာယာသလိုဖြစ်နေသည်။

ပူအိုက်လှသဖြင့် အိပ်မပျော်နိုင်အောင်ဖြစ်နေသော မသက်နွယ်သည် ထုံးစံအတိုင်း ဝရန်တာတွင်သင်ဖြူးဖျာ တစ်ချပ်ခင်းကာ အေးအေးလူလူ လဲလျောင်းနေသည်။ ဦးကျော်ဒင်ဒေါ်မြခိုင်နှင့် ဒေါ်ဖွားမယ်သည်လည်းကောင်း၊ ကားရုံအတွင်းမှ မောင်တိုးသည်လည်းကောင်း အိပ်မောကျနေကြဟန်တူသည်။ အိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လှ၏။ မီးများမှိတ်ထားသဖြင့် အိမ်ကြီးမှာ မှောင်နေသည်။ သရက်ပင်၊ မရန်းပင်ကြီးများ အုပ်ဆိုင်းနေသော ခြံကြီးမှာ လရောင်ကွက်ကြား လင်းနေ၏။ ဦးညိုကြီးကား သစ္စာရှိရှိ၊ ဝီရိယကောင်းစွာဖြင့် ခြံကြီးအတွင်းမှာ ဆိတ်ငြိမ်စွာ ကြောင်တစ်ကောင်ကဲ့သို့ ညင်သာစွာ လှည့်ပတ်သွားနေသည်ကို မသက်နွယ်သည် ဝရန်တာပေါ်မှ တစ်ချက်တစ်ချက် လှမ်းမြင်လိုက်၏။ တိတ်ဆိတ်မှောင်မည်းသော ခြံအတွင်းမှာ ညင်သာစွာ လှုပ်ရှားနေသော ဦးညိုကြီးကို မြင်လိုက်သောအခါ မသက်နွယ်သည် ပျဉ်းမပင်တောတန်းမှ အိမ်ကြီးကို ဖျတ်ခနဲသတိရလိုက်မိပြန်၏။

မသက်နွယ်သည် အိမ်ခန်းတွင်းသို့ ဆိတ်ငြိမ်စွာ ပြန်ဝင်လာကာ စာအုပ်ဗီရိုတွင်းမှ မှန်ပြောင်းကို ယူလာခဲ့လေသည်။ ထိုမှန်ပြောင်းမှာ တက္ကသိုလ်မှ သူငယ်ချင်းတစ်ယောက်၏အစ်ကို အမေရိကသို့ ပညာသင်သွားရာမှ အပြန်တွင်ပါလာသော မှန်ပြောင်းဖြစ်၍ မသက်နွယ်သည် အားကောင်းလှသော ထိုမှန်ပြောင်းကို သဘောကျလှ၍ သူငယ်ချင်းဖြစ်သူထံမှ တောင်းတောင်းပန်ပန် ဝယ်ယူလာခဲ့ရခြင်းဖြစ်သည်။ ဝယ်ယူခဲ့စဉ်ကမူ ရည်ရွယ်ချက်မရှိခဲ့ဘဲ သဘောကျရုံသက်သက်မျှဖြစ်ခဲ့၏။ ယခုမူ မသက်နွယ်သည် ထိုမှန်ပြောင်းကို အသုံးပြုရန် စိတ်ကူးပေါ်လာခြင်းဖြစ်ပေသည်။

မသက်နွယ်သည် မှန်ပြောင်းဖြင့် ပျဉ်းမပင်တောတန်းနှင့်

mgyoe.com

mgyoe.com


ပိတောက်ပင်အုပ်စုကို လှမ်းမျှော်ကြည့်လိုက်၏။ မှန်ပြောင်းထဲတွင် သစ်ပင်တွေသာ မှိုင်းမှိုင်းမည်းမည်း မြင်နေရသည်။ ထူးထူးခြားခြားတစ်စုံတစ်ရာမျှ မတွေ့ရချေ။ ညအချိန်လည်းဖြစ်နေ၍ မသက်နွယ်သည် စိတ်အားထက်သန်မှုမရှိတော့ဘဲ နောက်တစ်နေ့မှ ကြည်လင်သော နေမင်းအလင်းရောင်ဖြင့် ကြည့်တော့မည့်ဟု တွေးကာ မှန်ပြောင်းမှ မျက်စိခွာတော့မည်အပြုတွင် အနည်းငယ်ကျဲနေသော ပျဉ်းမပင်နှစ်ပင်အကြား လရောင်အောက်မှာ ဖြည်းညင်းစွာ လမ်းလျှောက်လာသော လူရိပ်နှစ်ခုကို တွေ့လိုက်ရ၏။ မသက်နွယ်သည် အသက်ပင်မရှူနိုင်ဘဲ မျက်လုံးကို အစွမ်းကုန်အာရုံ စိုက်ကြည့်လိုက်၏။ တစ်ခုသော လူရိပ်ကား တောင့်တင်းမြင့်မား၍ တစ်ခုသောလူရိပ်ကား အနည်းငယ် ခါးကိုင်းနေဟန်ရှိ သည်။ ထိုလူရိပ်နှစ်ခုသည် ထူထပ်သိပ်သည်းသော ပျဉ်းမပင်အုပ်အောက် လရောင် မရောက်သောမှောင်ရိပ်မှာ ပျောက်ကွယ်သွားခဲ့လေပြီ။ မသက်နွယ်သည် ဆက်လက်ကြည့်ရှုသော်လည်း တစ်စုံတစ်ရာကိုမှ မမြင်ရတော့ချေ။

မသက်နွယ်သည် သက်ပြင်းကိုချကာ မှန်ပြောင်းမှ မျက်စိကိုခွာလိုက်၏။

ထူးဆန်းသော ထိုနေရာကို ကိုယ်တိုင်သွားနိုင်အောင် ကြိုးစားစုံစမ်းမည်ဟု စိတ်ကိုခိုင်မာစွာ ဆုံးဖြတ်လိုက်လေသည်။

* * *

မသက်နွယ်သည် နံ့စပ်အောင် မရောက်သေးသော မိမိတို့၏ခြံဝင်းကို ဇွဲစပ်စွာလှည့်ပတ်ကြည့်ရှုနေလေသည်။ အိမ်ဝင်းခြံမှာ အိမ်ရှေ့ဘက်မှာ ဝင်းတံခါးတစ်ပေါက်၊ နောက်ဖေးဘက်မှာ ဝင်းတံခါးတစ်ပေါက်ရှိပြီး ရှစ်ပေမျှမြင့်၍ သံဆူးကြိုးအထပ်ထပ်ယှက်ထားသော ခိုင်ခံ့

mgyoe.com

mgyoe.com


သည့် တံခါးနှစ်ပေါက်အား သစ္စာရှိလူယုံတော် ဦးညိုကြီးက ဝိရိယရှိစွာဖြင့် အမြဲသော့ခတ်ပိတ်ထားကြောင်း မသက်နွယ်တွေ့ရ၏။ ခြံစည်းရိုးမှာကား မသက်နွယ်တို့ မဝယ်ယူမီကပင် မူလခြံပိုင်ရှင်က စိုက်ပျိုးကာရံခဲ့သော ဆူးအတိပြီးသော ကြခတ်ဝါး ခြံစည်းရိုးသည် ခွေးတစ်ကောင်တိုးဝင်စရာပင် အပေါက်မရှိသည်ကို မသက်နွယ်တွေ့ရလေသည်။

ဤမျှလုံခြုံသော ခြံဝင်းအတွင်းမှ ဤအဖေ ဤအမေနှင့် ဤသစ္စာရှိလူယုံတော်ကြီးတို့မသိရဘဲ အဘယ်နည်းဖြင့် မသက်နွယ်သည် သူသွားလိုလှသော ပျဉ်းမပင်တောတန်းမှ အိမ်ပျက်ကြီးကို သွားရောက်စူးစမ်းနိုင်ပါမည်နည်း။ ညကမှန်ပြောင်းထဲတွင် တွေ့ခဲ့ရသောလူရိပ်ကား မည်သည့်နည်းနှင့်မျှ တစ္ဆေသရဲမဟုတ်နိုင်ဟု မသက်နွယ်တစ်ထစ်ချယုံကြည်လိုက်သည်။ တစ္ဆေသရဲပင်ဖြစ်စေကာမူ မသက်နွယ်ကား တစ္ဆေကို ငယ်စဉ်ကပင် မကြောက်ခဲ့ဖူးဘူးချေ။ ဦးညိုကြီး၏ပြောစကားအရ မှန်ပြောင်းထဲတွင်တွေ့ခဲ့ရသော ခါးကိုင်းနေဟန် လူရိပ်သည် အင်္ဂရိတ်ထိုးနေသော အဘိုးကြီးပင်ဖြစ်ရမည်ဟု မသက်နွယ် ယူဆလိုက်၏။ ထိုသို့ဖြစ်လျှင် မြင့်မားသောလူရိပ်ကား မည်သူဖြစ်မည်နည်း။ ဘာမှန်းမသိသော ဆိုင်းတစ်ခုကိုတီးကာ သာယာသောအသံဖြင့် လွမ်းစဖွယ်သီချင်းကို သီဆိုနေတတ်သော ဒေါ်ဖွားမယ်ပြောသည့် သရဲအထီးဆိုသူပင်ဖြစ်သလော။

မသက်နွယ်သည် တွေးတောစဉ်းစားရင်း ခြံဝင်းကို ပတ်လျှောက်လာခဲ့ရာမှ အိမ်ကြီးနှင့် အတော်လေးအလှမ်းကွာသော ခြံဝင်းအတွင်းတစ်နေရာဝယ် ကြည်လင်သောရေများ စိမ့်ထွက်နေသည့် စမ်းအိုင်ကလေးတစ်ခုမှာ အဝတ်လျှော်နေသော မောင်တိုးကိုတွေ့ရလေသည်။ မောင်တိုးသည် ဖြည်းဖြည်းဆေးဆေး လျှောက်လာနေသော မသက်နွယ်ကိုတွေ့သော်လည်း ရိုသေသောစိတ်ဖြင့် အရောတဝင် ခေါ်ပြောနှုတ်ဆက်

mgyoe.com

mgyoe.com


ရန် မဝံ့သည်အလျောက် သူ့အကျီလုံချည်ကလေးများကိုသာ ခေါင်းငုံ့ပြီး လျှော်နေသည်။ မသက်နွယ်သည် မောင်တိုးကို တွေ့ရသောအခါ စိတ်ကူးဉာဏ်တစ်ခုပေါ်လာလေသည်။

"ကိုမောင်တိုး ..."

မသက်နွယ်က မလှမ်းမကမ်းမှ ရပ်ပြီး စတင်ခေါ်လိုက်၏။

"ခင်ဗျာ... အစ်မလေး..."

မောင်တိုးက အဝတ်လျှော်ခြင်းကို ရပ်ဆိုင်းကာ မသက်နွယ်အား မော့ကြည့်ကာ ရိုသေစွာထူးလိုက်၏။ မောင်တိုးကား မသက်နွယ်ထက် လေးငါးနှစ်မျှ အသက်ကြီးရင့်လေသည်။ ဦးကျော်ဒင်ပင်စင်မယူမီ လေးငါးနှစ်ခန့်ကပင် မသက်နွယ်တို့၏ ကားကိုစွဲစွဲမြဲမြဲ မောင်းလာခဲ့၍ လည်း လူယုံ တပည့်ရင်းတစ်ဦးပင်ဖြစ်လေသည်။ ဦးညိုကြီးကဲ့သို့ပင် ဆွေမျိုးပါးရှားသူတစ်ယောက်ဖြစ်၍ မခွဲမခွာ နောက်တော်ပါအဖြစ် လိုက် နာခဲ့သူဖြစ်လေသည်။ မိမိထက် အသက်ငယ်သော မသက်နွယ်အား အလိုက်သိစွာ ရိုသေသောအားဖြင့် အစ်မလေးဟု ခေါ်သော်လည်း မသက်နွယ်က မည်သည့်အခါမှ နိုင့်ထက်စီးနင်းရိုင်းပျစွာခေါ်ပြောခြင်း မရှိ၍လည်း မောင်တိုးသည် မသက်နွယ်အား နှမသားချင်းသဖွယ် ခင်မင် လေးစား ရိုသေရှာ၏။

"ဒီအိမ်ကိုရောက်မှ ဦးလေးညိုက ဝင်းတံခါးတွေကို အမြဲသော့ ခတ်ထားတာပဲလား ကိုမောင်တိုး...."

မသက်နွယ်က မေးလိုက်၏။

"ဟုတ်တယ် အစ်မလေး၊ ဒီလူကြီးက ဝီရိယရှိလွန်းအားကြီးနေ တယ်ဗျ၊ ဝင်းတံခါးသော့ကိုလည်း ဘယ်သူ့လက်မှ မအပ်ထားဘူး၊ ဘဘကြီးနဲ့ ဖေဖေကြီးတို့ အပြင်ထွက်မယ်ဆိုလည်း သူကိုယ်တိုင်ဖွင့်ပြီး သူကိုယ်တိုင် ပြန်ပိတ်တယ်... ဟိုတုန်းကဆိုရင် တစ်ခါတစ်ရံ ဖွင့်ထား

mgyoe.com

mgyoe.com


သေးတယ်။ အခု အမလေး ကျောင်းပိတ်ပြန်လာမှ ဝိရိယပိုကဲပြီး နေ့ရော ညရောအမြဲ ပိတ်ထားတာ ခင်ဗျာ့...."

မောင်တိုးက လျှော်ပြီးသား အဝတ်ကိုရေညှစ်ရင်းက ဖြေလိုက်၏ ။

"ဒီလိုဆိုရင် ကိုမောင်တိုး... အသက်ကိုတစ်ခုလောက် အကူအညီ ပေးပါလား..."

"ဘယ်လိုအကူအညီလဲအစ်မလေး..."

"နက်ဖြန်ည... ဖေဖေနဲ့ မေမေအိပ်ပျော်ချိန်... ဆယ့်တစ်နာရီ လောက်ပေ့ါလေ... အသက်အပြင်ဘက်ခဏ ထွက်ချင်တယ်၊ အဲဒါ... နောက်ဖေးဘက်ဝင်းတံခါးဖွင့်ဖို့ ဦးလေးညိုဆီက သော့ကိုရအောင် ကိုမောင်တိုး မကူညီနိုင်ဘူးလား...."

မသက်နွယ်၏စကားကြောင့် မောင်တိုးသည် ရေညှစ်နေသော အဝတ်ကို ကိုင်ထားလျက်က ပြီးအောင် မညှစ်နိုင်ဘဲ မသက်နွယ်၏ မျက်နှာကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။ ရည်းစားနဲ့ ချိန်းထားတာလား။ ခိုးရာလိုက်မှာလားဟု မောင်တိုးက မေးချင်သည်။ သို့သော် မမေးရဲချေ။

"အစ်မလေးက ဘယ်သွားမှာလဲ" ဟု မဝံ့မရဲမေးလိုက်၏။ မောင်တိုး၏ စိတ်မှာဖြစ်ပေါ်နေသော သံသယကိုလည်း မသက်နွယ်က ကောင်းစွာရိပ်မိ၏။

"မိဘတွေ မျက်နှာပျက်အောင် အသက်မလုပ်ပါဘူး ကိုမောင်တိုး၊ ဟိုပျဉ်းမပင်တောတန်းက အိမ်ကြီးကို အသက်စိတ်မှာ တိတိကျကျ သိချင်နေတယ်။ အဲဒီနေရာကို အသက်သွားကြည့်ချင်လို့ပါ"

မသက်နွယ်၏စကားကြောင့် မောင်တိုးမှာ မျက်လုံးပြူးသွားလေသည်။

mgyoe.com